# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday 28 January 2019 ၉၅၅၅


# တတိယအကြိမ် မြန်မာ - ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲ ကျင်းပ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၇**

တတိယအကြိမ်မြောက် မြန်မာ-ဂျပန် ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်း ကျင်းပသည်။

**သံတမန်ဆက်ဆံရေးကို ပိုမိုခိုင်မာစေ**

ရှေးဦးစွာ နံနက် ၉ နာရီတွင် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး အမိမြန်မာပြည်ရုပ်တုခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားရာတွင် တတိယအကြိမ်မြောက် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်ကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် ကျင်းပနိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်ကို ကျင်းပခြင်းအားဖြင့် မြန်မာနှင့် ဂျပန် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှုနှင့် နွေးထွေးသော သံတမန်ဆက်ဆံရေးကို ပိုမိုခိုင်မာစေလျက် နှစ်နိုင်ငံ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

## ကြယ်ငါးပွင့်အဆင့်ရှိ ဟိုင်နန်လေကြောင်းလိုင်း ရန်ကုန်မြို့နှင့် ချုံချင်းမြို့တို့အကြား ပထမဦးဆုံး ပြေးဆွဲပျံသန်း

**ရန်ကုန် ဇန်နဝါရီ ၂၇**

တရုတ်လေကြောင်းလိုင်း "Hainan Airlines" ၏ ရန်ကုန်မြို့နှင့် ချုံချင်းမြို့တို့အကြား ပထမဦးဆုံးပြေးဆွဲပျံသန်းသည့် ခရီးစဉ်သစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယနေ့ကျင်းပသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြေးဆွဲပျံသန်းသည့် ၃၂ လိုင်းမြောက် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းအဖြစ် ဟိုင်နန်လေကြောင်းလိုင်းအသစ် စတင်ပြေးဆွဲပျံသန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1၊ သုံးလွှာ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ခံ မစ္စတာ ယွီပြန်ကျန်နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်း၊ လေကြောင်းလိုင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟိုင်နန်လေကြောင်းလိုင်းသည် တရုတ်နိုင်ငံတွင် စတုတ္ထမြောက် အကြီးဆုံးလေကြောင်းလိုင်းဖြစ်ပြီး လေယာဉ်အစင်းရေ ၄၆၃ စင်းဖြင့် ခရီးသည်ပေါင်း ၇၉ သန်းကျော်အား ခရီးစဉ်လမ်းကြောင်း ၂၂၀ သို့ ယခင်နှစ်က သယ်ယူပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါလေကြောင်းလိုင်းသည်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍





KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ဘေးကင်းကျန်းမာ အစားအစာစားသုံး

ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် အစားအစာများအား ဝယ်ယူစားသုံးနိုင်မှသာ ပြည်သူများ အသက်ရှည်ကျန်းမာမှုကို ဖြစ်စေမည်ဖြစ်သည်။ ဤတွင် မြန်မာပြည်သူများ စားသောက်နေထိုင်မှုဘဝနှင့် စိုက်ပျိုးထုတ်လုပ်သူများ လုပ်ကိုင်ဆောင်ရွက်ရမှု အခြေအနေများ ဟန်ချက်ညီမျှတမှုရှိစေရေး လိုအပ်ပေသည်။ လက်ရှိအနေအထားတွင် ပြည်သူများအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် အစားအစာများအနက် စံချိန်စံညွှန်းမီသည့် အော်ဂဲနစ်သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးမှာ အထူးလိုအပ်လာသည်။

အမှန်တကယ်တွင် မြန်မာပြည်သူတို့၏ လူမှုဘဝအခြေအနေအရ ကျန်းမာရေးနှင့်ညီညွတ်သည့် အော်ဂဲနစ်သီးနှံ ယဉ်ကျေးမှုအခြေအနေနှင့် မနီးစပ်သေးဟု ဆိုနိုင်သည်။ ပြည်သူများအနေဖြင့် မိမိတို့ရရှိသောဝင်ငွေနှင့် သင့်တင့်မျှတသော အသီးအနှံများကို လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်သည့် အခြေအနေတွင်သာ ရှိနေသေးသည်။ အော်ဂဲနစ်သီးနှံများမှာ ကျန်းမာရေးနှင့် ညီညွတ်သည်ဆိုသော်လည်း သီးနှံဈေးနှုန်းနှင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးထုတ်လုပ်နိုင်မှု လိုအပ်ချက်များရှိနေသေးသည်။

ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများကို အော်ဂဲနစ်ဖြင့် ဆောင်ရွက်ရာတွင် သိရှိလိုက်နာအပ်သည်တို့နှင့် အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားရာ၌ အထောက်အကူဖြစ်စေမည့် မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းများအား အသိပေးကြေညာခြင်းတို့ကို ဆောင်ရွက်လာသည်။ ထို့အပြင် အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးအပေါ် ပူးပေါင်းပါဝင်အားပေးမှုများကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရသဖြင့် နောင်ကာလများတွင် အော်ဂဲနစ်သီးနှံယဉ်ကျေးမှု ထွန်းကားလာတော့မည်ဟု ယုံကြည်ပါသည်။

အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ဖောက်ကားမှုများမှာ နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းနေသည်။ ထို့ကြောင့် အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများကိုအခြေခံပြီး မြန်မာနိုင်ငံ၏ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းကို ရေးဆွဲဆောင်ရွက်ခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန စိုက်ကွင်းတွင် စီးပွားဖြစ်အော်ဂဲနစ် ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ တစ်ပိုင်တစ်နိုင် အိမ်ခြံဝင်းစိုက်ခင်းများ၊ မျိုးစေ့ထုတ်စိုက်ခင်းနှင့် နည်းပညာပေးစိုက်ခင်းများကို ပြသထားရာ လေ့လာကြည့်ရှုခြင်း၊ အကူအညီရယူခြင်းတို့ကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သည် မြေဆီလွှာ၊ ဂေဟစနစ်နှင့် လူသားများအပါအဝင် သက်ရှိများအားမထိခိုက်စေဘဲ ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှုစနစ် ဖြစ်သည်။ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ အဓိကဆိုလိုရင်းမှာ ပြင်ပသွင်းအားစုများကိုအသုံးပြုခြင်းထက် ဂေဟစနစ် အစီအမံများအပေါ်တွင်သာ အားထားရန် ဖြစ်သည်။ ဓာတုသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဆေးဝါးများ၊ မျိုးဗီဇပြုပြင်ထားသည့် မျိုးစေ့နှင့်စပ်မျိုးများ၊ တာရှည်ခံဆေးများ၊ အစားအစာဖြည့်စွက်ပစ္စည်းများ၊ ဓာတ်ရောင်ခြည်သုံး ပြုပြင်ခြင်းများကို ရှောင်ကြဉ်ပြီး ပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ်၌ ဆိုးကျိုးများ မသက်ရောက်စေသည့် စနစ်ဖြစ်သည်။

နိုင်ငံအသီးသီးတွင် စံချိန်စံညွှန်းနှင့်ညီသည့် အော်ဂဲနစ်သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပြည်သူများ ယုံကြည်စိတ်ချမှုရှိစွာဖြင့် ဝယ်ယူစားသုံးကြသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုဘဝများကို ပိုင်ဆိုင်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းများကို စတင်ကျင့်သုံးလိုက်ပြီ ဖြစ်သည်။ မြန်မာလူမှုအသိုင်းအဝိုင်းအဖို့ အော်ဂဲနစ်သီးနှံ၏ အကျိုးရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ဝယ်ယူစားသုံးကြဖို့လိုအပ်သည်။

သို့ဖြစ်ရာ အော်ဂဲနစ် ဟင်းသီးဟင်းရွက် သစ်သီးဝလံဆိုသည်မှာ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ဘေးကင်းလုံခြုံသည့် သဘာဝအသီးအနှံများဖြစ်၍ စိုက်ပျိုးထုတ်လုပ်သူများလည်း တွက်ခြေကိုက်ပြီး ပြည်သူများလည်း လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်အောင် အသိပညာပေးမှုများနှင့် ကျယ်ပြန့်စွာ ထုတ်လုပ်ရေးကို လက်တွဲပူးပေါင်း တိုးချဲ့ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံ' မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ' ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့်လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## မင်းဘူး-မန်းရွှေစက်တော် မော်တော်ယာဉ်လိုင်း ဖေဖော်ဝါရီလဆန်းပိုင်းတွင် စတင်ပြေးဆွဲမည်

**မင်းဘူး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားပွဲတော်ကို လာမည့် ဖေဖော်ဝါရီ ၉ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ ဘုရားပွဲတော်ကာလ မင်းဘူး-မန်းရွှေစက်တော် မော်တော်ယာဉ်လိုင်းကို ဖေဖော်ဝါရီလဆန်းပိုင်းတွင် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း စုပေါင်းပုဂ္ဂလိကမှန်လုံယာဉ်အသင်း (မင်းဘူး)မှ သိရသည်။

"မင်းဘူး-ရွှေစက်တော်ခရီးစဉ်နဲ့ မန်းရွှေစက်တော် တောင်ပေါ်-တောင်အောက် ယာဉ်လိုင်းကို ကျွန်တော်တို့အသင်းက မော်တော်ယာဉ် ၅၈ စီးအသုံးပြုပြီး နေ့စဉ် အလှည့်ကျ ပြေးဆွဲသွားမှာဖြစ်ပါတယ်။ ယာဉ်စီးခအနေနဲ့ မင်းဘူး-ရွှေစက်တော်ခရီးစဉ်ကို ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ကျပ် ၂၅၀၀ သတ်မှတ်ထားပြီး တောင်ပေါ်-တောင်အောက် ခရီးစဉ်အတွက် ခရီးသည် တစ်ဦးလျှင် ကျပ် ၅၀၀ ကျသင့်မှာ ဖြစ်ပါတယ်။ ဒါ့အပြင်



မိသားစု၊ သူငယ်ချင်းများနဲ့ သီးသန့်သွားချင်တဲ့ ခရီးသည်တွေအနေနဲ့ ကားစီးလုံးငှားရမ်းလိုပါက မင်းဘူးမြို့မှ မန်းရွှေစက်တော်ခရီးစဉ်တစ်ကြောင်းစာအတွက် ကျပ် ၃၅၀၀၀ နဲ့ ငှားရမ်းနိုင်ပါတယ်"ဟု စုပေါင်းပုဂ္ဂလိက မှန်လုံယာဉ်အသင်းဝင် ဦးခင်မောင်ညွန့်က ပြောသည်။

အဆိုပါ မော်တော်ယာဉ်လိုင်းဂိတ်သည် မင်းဘူးမြို့ မြောက်လှည်းကောက်အဝိုင်းပတ်အနီးတွင် တည်ရှိပြီး မင်းဘူးမြို့မှ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ မန်းရွှေစက်တော်ဘုရားမှ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြတ်(မင်းဘူး)**

## မိုးညှင်းတွင် ပညာရေးဘွဲ့(B.Ed) စာပေးစာယူ နှစ်နှစ်သင်တန်းဝင်ခွင့်စာမေးပွဲ ကျင်းပ

**မိုးညှင်း ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပညာရေးဘွဲ့ (B.Ed) စာပေးစာယူ နှစ်နှစ်သင်တန်း(ပထမနှစ်)ဝင်ခွင့်စာမေးပွဲ ကျင်းပကြောင်း သိရသည်။

"တစ်နိုင်ငံလုံး B.Ed ဖြေဆိုခွင့် (B.Ed မရရှိသေးသော အထက်တန်းပြများ) မူလတန်းကျောင်းအုပ်နဲ့ အလယ်တန်းပြတွေအတွက် ဘာသာရပ် ကိုးခုကို မေးခွန်းဖြေဆိုချိန် သုံးနာရီ သတ်မှတ်ထားပါတယ်။ သတ်မှတ်စည်းကမ်းချက်အတိုင်း ဖြေဆိုသူတွေကို နာရီဝက်အထိ စောင့်ဆိုင်းပေးပါတယ်"ဟု ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းဦးက ပြောသည်။

အဆိုပါ B.Ed စာမေးပွဲဝင်ခွင့်ဖြေဆိုရာသို့ မိုးညှင်းခရိုင်အတွင်းရှိ ဖားကန့်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်ကျောင်းများမှ ဘာသာရပ် ကိုးခုတွင် ဖြေဆိုသူပေါင်း ၈၆၅ ဦးအနက် ၆၇၂ ဦး ဝင်ရောက်ဖြေဆိုကြပြီး ၁၉၃ ဦး ပျက်ကွက်ကြောင်း သိရသည် ။ **ဝ၆၃**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သစ်ပင်စိုက်မှ အရိပ်ရ၏
ရိပ်ခိုနားနေ အပန်းဖြေ၏

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၆၄၂၇

**ရွှေဖုံးမှ**

အစိုးရအချင်းချင်း၊ လွှတ်တော် အချင်းချင်းနှင့် ပြည်သူအချင်းချင်း နီးကပ်စွာပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံရေး ပိုမိုချောမွေ့လာမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်တွင်ကျင်းပခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး ဂျပန်နိုင်ငံမှ ပျိုးယူခဲ့သော ချယ်ရီပင် ၁၀၀ အား နေပြည်တော် ဇဝနလမ်းအနီး လွှတ်တော်သွားရာလမ်းတစ်လျှောက်တွင် ဂျပန်-မြန်မာ မိတ်ဆွေများနှင့် အတူတကွ ပျော်ရွှင်စွာ စိုက်ပျိုးခဲ့ပါကြောင်း။

ဒုတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)တွင် ကျင်းပခဲ့ပြီး ချယ်ရီပန်းပင် ၂၀၀ ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန- ၁ အနီးနှင့်လွှတ်တော်သို့သွားရာ ဇဝနလမ်းတစ်လျှောက် ဗိုလ်ရှုသဘင် အဆောက်အအုံအနီးတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံမှ ဧည့်သည်တော်များ အတူတကွ စိုက်ပျိုးခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုရှိသည့် ချင်းပြည်နယ်တွင် ချယ်ရီပင် ၁၂၅၀၊ မိုးကုတ်၊ ပြင်ဦးလွင်နှင့်ကလော၊ အင်းလေးဒေသတို့တွင် ချယ်ရီပင် ၈၀၀ စိုက်ပျိုးခဲ့သည်ကို သိရှိရပါကြောင်း၊ ယခုတတိယအကြိမ်တွင်လည်း မြန်မာနိုင်ငံ ချယ်ရီဖောင်ဒေးရှင်းနှင့် ဂျပန် ယူကိုဆာကူယာ ချစ်ကြည်ရေးအသင်းတို့မှ လှူဒါန်းပေးမည့် ချယ်ရီပင်များနှင့် နေပယ်ထရီး ၃၉၀၀ ကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်မြို့နှင့် မိုးကုတ်မြို့တို့တွင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

**ချယ်ရီပန်းပင်များဖြင့် ဆွဲဆောင်**

မြန်မာ့ရာသီဥတုနှင့် ကိုက်ညီသော မျိုးရိုးဗီဇပြုပြင်ထားသည့် ဆာကူယာ ချယ်ရီပင်များဖြစ်ပြီး ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသို့ လာရောက်သော ခရီးသွားများအတွက် ဆွဲဆောင်မှုရှိသောဒေသများအဖြစ် ကြိုးပမ်းနေချိန်တွင် တတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင် စိုက်ပျိုးပွဲတော်ကို ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံသည် ချယ်ရီပန်းပင်များဖြင့် ဆွဲဆောင်မှုရှိသည်ဟူသော သတင်းစကားကို ကမ္ဘာအရပ်ရပ်ရှိ ခရီးသွားဧည့်သည်တို့ထံ ဖြန့်ဝေနိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်၊ ထွက်မှုသည် အတော်အသင့် တိုးတက်မှုရှိလာပြီဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုသည် ၃ ဒသမ ၄၄ သန်းရှိခဲ့၍ ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၅၅ သန်း ဝင်ရောက်ခဲ့ရာ တိုးတက်မှုနှုန်းသည် ၃ ဒသမ ၁၅ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ဧည့်သည်ပိုမိုဝင်ရောက်ရန် အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဧည့်သည်များကို ပိုမိုဖိတ်ခေါ်နိုင်စေရန်ရည်ရွယ်ပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ နိုင်ငံသားများကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ နှစ်နှစ်စာကာလအတွက် ဗီဇာကင်းလွတ်ခွင့်ကိုပြုခဲ့ပြီး လေကြောင်းခရီးမှ လာရောက်သော တရုတ်နိုင်ငံသားများကိုလည်း ဆိုက်ရောက်ဗီဇာကို ခွင့်ပြုခဲ့ပါကြောင်း။

**မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်တစ်ခု**

ထို့ပြင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစတင်၍ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော အိန္ဒိယနိုင်ငံသားများကို ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းဖြင့် ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့သည့်အပြင် အိန္ဒိယ-မြန်မာနယ်စပ်ဒေသ အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်များ ဖွင့်လှစ်ပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်းစတင်ခဲ့သော ဗီဇာဖြေလျှော့မှုတို့သည် ၂၀၁၉ ခုနှစ်တွင် စတင်အကျိုးခံစားရမည် ဖြစ်သည့်အပြင် လာမည့်နှစ်များတွင် မြန်မာနိုင်ငံကို လာရောက်လည်ပတ်မည့်ခရီးသည် အရေအတွက် ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အသည်းနှလုံးဟုတင်စားရသော ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်တစ်ခုဖြစ်ပြီး ကမ္ဘာအရပ်ရပ်မှ ဧည့်သည်များ လေကြောင်း၊ ရေကြောင်းခရီးဖြင့် ဝင်ရောက်လည်ပတ်သော မြို့တော်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ခရီးသည်ဝင်ထွက်မှု ၃ ဒသမ ၅ သန်းသည် နယ်စပ်ဒေသမှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်သော ခရီးသည်အချို့ အပါအဝင် စုစုပေါင်း ၁ ဒသမ ၄ သန်းခန့် ဝင်ရောက်သည့်အတွက် ခရီးသည်အားလုံး၏ ထက်ဝက်နီးပါးသည် ရန်ကုန်မြို့ကို စတင်လာရောက်လည်ပတ်ကြောင်းနှင့် ယခုလို ရန်ကုန်မြို့တွင် ခရီးသွားမြှင့်တင်ရေး အစီအစဉ်များပြုလုပ်ခြင်းသည် တစ်နိုင်ငံလုံးအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ပေးခြင်း ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

**ပြသခွင့်ရရှိမည်**

ယနေ့တွင် ထူးခြားစွာ ရန်ကုန်မြို့၌ မြန်မာတို့၏ ညီနောင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာဓလေ့များကို ဖော်ထုတ်မိတ်ဆက်ပြသသော သွေးချင်းတို့ရဲ့ ပွဲတော်နှင့် တိုက်ဆိုင်၍ အင်မတန်မှ ကောင်းမွန်ပြီး တစ်ဆက်တည်းမှာပဲ ဂျပန်နှင့် နိုင်ငံခြားခရီးသွားတို့ကို မြန်မာ၏ ထူးခြားသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတို့ကို ပြသခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ မြန်မာနှင့် ဂျပန်သည် ကာလကြာရှည်စွာ ရင်းနှီးမှုတည်ရှိခဲ့ပြီးဖြစ်၍ ယခုကဲ့သို့ အမှတ်တရ ပူးပေါင်းဆောင်ရွက်မှုပွဲများ ကျင်းပပြီး အတူတကွပါဝင်ဆင်နွှဲခြင်းဖြင့် အနာဂတ်တွင် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုများဖလှယ်သော အစီအစဉ်များ၊ ခရီးသွားမြှင့်တင်ရေးအစီအစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်း၊ ယနေ့ကျင်းပသော တတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့်နှစ်များတွင်ကျင်းပမည့် ချယ်ရီပင်စိုက်ပျိုး ပွဲတော်များကို မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ Japan Myanmar Parliamentary Friendship Association ဥက္ကဋ္ဌ Mr.Ichiro Aisawa၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်တော်များအား မြန်မာ့ရိုးရာ မုန့်များဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ချယ်ရီပန်းပင်များ စိုက်ပျိုးခြင်းကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဂိတ်(၂)မြက်ခင်းပြင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ချယ်ရီပန်းပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

**သတင်းစဉ်**

**ဓာတ်ပုံ - သန်းစိုး၊ သန်းထိုက်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတွင် ချယ်ရီပင်စိုက်ပျိုးပေးစဉ်။**



**Japan Myanmar Parliamentary Friendship Association ဥက္ကဋ္ဌ Mr. Ichiro Aisawa တတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတွင် ချယ်ရီပန်းပင်စိုက်ပျိုးပေးစဉ်။**

**ကြယ်ငါးပွင့်အဆင့်မှ**

အပြည်ပြည်ဆိုင်ရာ ခရီးစဉ်များကို ပုံမှန်ပျံသန်းပေးလျက်ရှိပြီး စင်ကာပူ၊ ဂျာမနီ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံသို့ လေယာဉ်စင်းလုံးငှားခရီးစဉ်များကိုလည်း ပြေးဆွဲပျံသန်းပေးလျက်ရှိပါသည်။ ဟိုင်နန်လေကြောင်းလိုင်းသည် အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်မှုအဆင့် သတ်မှတ်ရေးအဖွဲ့ "Skytrax" ၏ ကြယ်ငါးပွင့်အဆင့် သတ်မှတ်ပေးခြင်းခံရသော လေကြောင်းလိုင်းခုနှစ်လိုင်းအနက်မှ တစ်လိုင်းအပါအဝင်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ-မျိုးကြီး**

# တောင်ငူမြို့၌ မသန်စွမ်းသူများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်(တောင်ငူရုံး)ကကြီးမှူး၍ မသန်စွမ်းသူများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တောင်ငူမြို့ ငွေဆောင်ဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို မသန်စွမ်းရှေ့ဆောင်(တောင်ငူရုံး) ဥက္ကဋ္ဌ ဦးလင်းနိုင်က ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ မသန်စွမ်းသူများစွမ်းရည်မြှင့်သင်တန်းတွင် ခေါင်းဆောင်မှုသဘောတရားများ၊ ဘဏ္ဍာရေးထိန်းသိမ်းတွက်ချက်ခြင်းများ၊ မသန်စွမ်းမှုအမျိုးအစားနှင့် အခေါ်အဝေါ်များ ၊ မသန်စွမ်းမှုအမြင်နှင့် အတားအဆီးများ၊ မသန်စွမ်းမှုအမျိုးအစားအလိုက် ဆက်သွယ်ရမည့် နည်းလမ်းများ၊ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ လက်ရှိအခြေအနေ၊ အရေးဆိုတင်ပြခြင်းနှင့် မသန်စွမ်းသူများအခွင့်အရေး၊ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ၊ အခမ်းအနားကျင်းပခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်း၊ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ဇန်နဝါရီ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ပြီး တီရှပ်အင်္ကျီ၊ မသန်စွမ်းသူများဖတ်ရှုလေ့လာရန် စာအုပ်စာတမ်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အာရှ-ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ၏ တတိယအကြိမ်မြောက်ညီလာခံသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စင်ကာပူနိုင်ငံတွင် ဇန်နဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော အာရှ-ပစိဖိတ်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၏ တတိယအကြိမ်မြောက်ညီလာခံသို့ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံပေါင်း ၄၁ နိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။




**စိန်ခေါ်မှုများကို ဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် အာရှ-ပစိဖိတ်ဒေသ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှုအခြေအနေကို သုံးသပ်ခြင်း၊ ဒေသတွင်းရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုတို့အတွက် ဆန်းသစ်သောနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေး မူဝါဒပိုင်းနှင့် ငွေကြေးဆိုင်ရာထောက်ပံ့ပေးခြင်း၊ ဒေသအတွင်း ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများ သတ်မှတ်ခြင်းနှင့်ပြဿနာများအဖြေရှာမှုအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်သို့ရောက်ရှိရန် ဒေသတွင်းရင်ဆိုင်လျက်ရှိသည့် စိန်ခေါ်မှုများကို ဆွေးနွေးခြင်းနှင့် နိုင်ငံတကာကတိကဝတ်များတွင် ပါဝင်ဆောင်ရွက်နေမှုများကို အဓိကထားဆွေးနွေးကြသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာ၊ စွမ်းအင်နှင့် ရေလုံလောက်စွာရရှိနိုင်မှုများတွင် စွမ်းဆောင်ရည်မြင့်မားရန် ဆောင်ရွက်ရမည့်ကိစ္စများ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုစနစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်မှုတို့ကို ဆွေးနွေးကြသည်။

ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဂျပန်နိုင်ငံပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ ကမ္ဘာ့ပတ်ဝန်းကျင်ကိစ္စရပ်များဆိုင်ရာ ဒုတိယဝန်ကြီးနှင့်တွေ့ဆုံ၍ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာများ၊ စွန့်ပစ်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေသည့် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှုများ လျှော့ချရေးဆိုင်ရာများ၊ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် မူဝါဒ၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်ဆိုင်ရာများ၊ ဂျပန်-မြန်မာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သီတင်းပတ် အထိမ်းအမှတ်ပွဲကျင်းပရေး၊ ဝန်ထမ်းများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် ပူးပေါင်းကူညီဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူနိုင်ငံ ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေးဆောင်ရွက်မှုများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်သို့ ပြည့်မီရန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းကူညီမှုအစီအစဉ်များနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

ဇန်နဝါရီ ၂၅ ရက်တွင် အာရှ-ပစိဖိတ်ဒေသပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများညီလာခံ၌ ၂၀၁၉ ခုနှစ် မတ်လအတွင်း ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံတွင် ဆုံးဖြတ်ရမည့်အချက်များနှင့်စပ်လျဉ်းသည့် ကြေညာစာတမ်းကို အစည်းအဝေးတက်ရောက်ကြသည့် ဝန်ကြီးများက အတည်ပြုထုတ်ပြန်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြိုင်ရေနံရှာဖွေရေးအစမ်းတွင်း စတင်တူးဖော်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇန်နဝါရီ ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ရှိ ချောက်ရေနံမြေစုပေါင်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။




တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောကဏ္ဍမှပါဝင်သောကြောင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ယခုထက် ပိုမိုတိုးမြှင့်ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်မရှိရေး အထူးဂရုပြု ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်တိုင်း၌ ရှိပြီးဖြစ်သော Standard Operation Procedure (SOP) နှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း တွင်းတူးစက် ZJ 70L SR-1 ဖြင့် တူးဖော်မည့် မြိုင်ရှာဖွေရေးတွင်းအမှတ်(၁) ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တွင်းတူးဖော်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြိုင်ရှာဖွေရေးတွင်းအမှတ်(၁)အား စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရေနံတွင်းတူးစက်ဝန်ထမ်းများကို သစ်သီးခြင်းများပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ရှေ့လုပ်ငန်းစဉ်များချမှတ်**

အဆိုပါ မြိုင်ရှာဖွေရေးတွင်း အမှတ်(၁) တူးဖော်နိုင်ရေးအတွက် ယခင်တိုင်းတာခဲ့သော အချက်အလက်များအားအခြေခံ၍ မြေပေါ်ဘူမိဗေဒကွင်းဆင်းခြင်းလုပ်ငန်းများနှင့် ဘူမိရူပတိုင်းတာခြင်းလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ပြီး လေ့လာသုံးသပ်ချက်များအရ သဘာဝဓာတ်ငွေ့ခိုအောင်းတည်ရှိနိုင်သော သဲကြောများအား ရှာဖွေတူးဖော်စမ်းသပ်ထုတ်လုပ်ရန်အတွက် ZJ 70L SR-1 တွင်းတူးစက်အား အသုံးပြု၍ ရည်မှန်းအနက်ပေ ၈၅၀၀ အထိတူးဖော်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့သဲကြောများအား စမ်းသပ်သွားမည်ဖြစ်ပြီး စမ်းသပ်ရရှိမှုအပေါ်မူတည်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချောက်ရေနံမြေရေနံတွင်း အမှတ် (၁၁၉၆)ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေနံမြေအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ရေနံတွင်းအမှတ်(၁၁၉၆)နှင့် တွင်းသစ်အမှတ်(၁၂၁၃) တို့မှ ရေနံတိုးမြှင့်ထုတ်လုပ်နိုင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြား၍ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် သစ်သီးခြင်းများပေးအပ်သည်။

**ပေါင်းစပ်ညှိနှိုင်း**

အဆိုပါ ရေနံတွင်းအမှတ်(၁၁၉၆)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် သဲကြောတိုးချဲ့သေနတ်ဖောက်ခြင်းအား ဆောင်ရွက်ခဲ့ရာ လက်ရှိရေနံစိမ်းစည် ၁၂၂ စည် နေ့စဉ်ထုတ်လုပ်လျက်ရှိပြီး တွင်းသစ်အမှတ်(၁၂၁၃)အား ဇန်နဝါရီ ၃ ရက်တွင် စတင်တူးဖော်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် အနက်ပေ ၄၁၅၀အထိ တူးဖော်ခဲ့ပြီး ရေနံစိမ်း စည် ၁၉၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း သတင်းရရှိ သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချောက်ရေနံမြေဆေးရုံကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံတိုးတက်ထုတ်ယူရေးလုပ်ငန်းများအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Goldpetrol JOC Inc. ကုမ္ပဏီ၏ တာဝန်ရှိသူများနှင့် ချောက်ရေနံမြေရိပ်သာတွင် တွေ့ဆုံ၍ ရေနံမြေအထွက်တိုးရေးအတွက် ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ လုပ်ငန်းဆောင်ရွက်နေသည့် ဒေသပတ်ဝန်းကျင်တွင် လူမှုရေးတာဝန်သိမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စများကို ဆွေးနွေးကြသည်။

**စီမံချက်များ စနစ်တကျရေးဆွဲ**

ချောက်ရေနံမြေတွင် ယခုကဲ့သို့ တွင်းဟောင်းများတိုးချဲ့ထုတ်လုပ်မှု စမ်းသပ်ဆောင်ရွက်ခြင်း၊ တွင်းသစ်များတူးဖော်နိုင်ခဲ့ခြင်းကြောင့် ချောက်ရေနံမြေရှိ တွင်းပေါင်း ၁၁၁ တွင်းမှ ယခင်ကထက် ရေနံစိမ်းစည် ၃၀၀ ကျော်ခန့် တိုးတက်ထုတ်လုပ်နိုင်သဖြင့် ယခုအခါ ချောက်ရေနံမြေ၏ ရေနံစိမ်းထုတ်လုပ်နိုင်မှုမှာ နေ့စဉ် စည် ၁၇၀၀ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၀ ဒသမ ၀၄၅ ထုတ်လုပ်လျက်ရှိကြောင်း၊ ရေနံအထွက်တိုးရေးနှင့် ထုတ်လုပ်မှုထိန်းသိမ်းနိုင်ရေး လုပ်ငန်းစဉ်များဖြစ်သော တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်တူးဖော်ခြင်းလုပ်ငန်းများအပြင် ၂၀၁၈ ခုနှစ် မတ်လမှစ၍ သဲကြောများအတွင်း ရေမောင်းသွင်း၍ ရေနံအထွက်တိုးစေသည့် ရေလွှမ်းစီမံကိန်းလုပ်ငန်းများကို စီမံချက်များစနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီဒီယာများ၊ ယဉ်ကျေးမှုနှင့် အနုပညာရှင်များနှင့် ကျန်းမာရေးစံပြုအချက်အလက်များဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၇**

မီဒီယာများ၊ ယဉ်ကျေးမှုနှင့်အနုပညာရှင်များနှင့် ကျန်းမာရေးစံပြု အချက်အလက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရောဂါဖြစ်ပွားသူများအား ဆန်းစစ်လေ့လာမှုများပြုလုပ်ရာတွင် ကျန်းမာရေးအသိပညာနှင့် ကျန်းမာရေးစာတတ်မြောက်မှုနည်းပါးသဖြင့် ရောဂါကြိုတင်ကာကွယ်မှုနည်းလမ်းများ၊ ရောဂါများ၏ လက္ခဏာများကိုမသိရှိခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သောစားသောက်နေထိုင်မှု အလေ့အကျင့်များကို မလိုက်နာခြင်းကြောင့် မဖြစ်ပွားသင့်သည့်ရောဂါများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း။




**ပြန်လည်ဝေမျှပေး**

ပြည်သူများသည် သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ရုပ်ရှင် စသည်တို့ကို ကြည့်ရှုကြသည့်အပြင် အင်တာနက်နှင့် လူမှုကွန်ရက်များကိုလည်း အလွယ်တကူ လက်လှမ်းမီအသုံးပြုကြသည်ဖြစ်၍ ပြည်သူများ၏ မျက်စိအလင်းတံခါး၊ အကြားတံခါးနှင့် နှလုံးသားတံခါးတို့ကို ဖွင့်လှစ်ပေးနိုင်သူများဖြစ်သည့် မီဒီယာများနှင့် အနုပညာရှင်များသည် ပြည်သူများကျန်းမာရေးအသိပညာကြွယ်ဝစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ မီဒီယာအမျိုးမျိုးမှ ကျန်းမာရေးသတင်းစကားများကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖြန့်ဖြူးရာတွင် ဝန်ကြီးဌာနနှင့် မီဒီယာများအကြား ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို ပေါင်းကူးသဖွယ် ထားရှိအသုံးပြုကြကာ အများပြည်သူသုံး သတင်းစကားများအဖြစ် တစ်ဆင့်ပြန်လည်ဝေမျှပေးရန် တိုက်တွန်းလိုပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၉ ဒသမ ၅ သန်းခန့်ရှိသော မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းစေရန်မှာလည်း အထူးအရေးကြီးပါသဖြင့် ၎င်းတို့ ငယ်ရွယ်စဉ်ကတည်းက ကျန်းမာရေးအသိပညာများ ကြွယ်ဝစေရန် မီဒီယာများနှင့် အနုပညာရှင်များက ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ ကျန်းမာစွာဖြင့် ဘဝတစ်သက်တာ ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ မိဘများ၊ ဆွေမျိုးမိတ်ဆွေများကိုပါ ကျန်းမာရေးအသိပညာများ ဝေမျှပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများတွင် ကျန်းမာရေးအသိပညာမြင့်မားလာခြင်းဖြင့် ရောဂါဖြစ်ပွားမှုများနည်းပါးခြင်း၊ ရောဂါဖြစ်ပွားမှုနည်းပါးခြင်းကြောင့် ဆေးရုံ၊ ဆေးခန်းများတွင် ကုသခြင်းခံယူရမှုနည်းပါးခြင်း၊ ထိုသို့ ဆေးရုံ၊ ဆေးခန်းများတွင် လူနာနည်းပါးသဖြင့် ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကိုပေးနိုင်ခြင်း စသည်တို့အပြင် နိုင်ငံတော်ဘဏ္ဍာများ ကုန်ကျမှုနည်းပါးလာသဖြင့် ကျန်းမာရေးကဏ္ဍအပြင် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုအသုံးပြုနိုင်ခြင်း အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်သူများအား ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများသည် **"အကျိုးပြု စက်ဝန်းကြီး"** သဖွယ် အဘက်ဘက်မှ အကျိုးရှိပါကြောင်း၊ လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်းမှသည် ပြည်သူများအားလုံး ကျန်းမာမှုရှိမည်၊ မရှိမည်ကို အဓိကအဆုံးအဖြတ်ပေးနိုင်သည့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများတွင် မီဒီယာများနှင့် အနုပညာရှင်များအနေဖြင့် ဝန်ကြီးဌာနနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် Unicef အဖွဲ့မှ Chief of Communication for Development Ms. Alessia Radice တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် Junior Creative Dance အဖွဲ့က **"ဘဝရှေ့ဆောင် ရက်တစ်ထောင်"** ခေါင်းစဉ်ဖြင့် သရုပ်ပြဖျော်ဖြေကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မကြာမီဖွင့်လှစ်မည့် ငဝန်တံတား(လေးမျက်နှာ)နှင့် လမ်း ၊ တံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇန်နဝါရီ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန် - ပုသိမ်လမ်း(ရန်ကုန်-ညောင်တုန်းလမ်းအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တံတားတိုင်များ ရေတိုက်စားမှုမရှိရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အမြဲမပြတ်စစ်ဆေးပြီး ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန် မှာကြားသည်။

**ပြုပြင်ထိန်းသိမ်းမှု ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန် - ပုသိမ်လမ်း မိုင်တိုင်အမှတ် (၇၃/၇)နှင့် (၇၄/၁)အကြားရှိ ကျောင်းကုန်းတံတားကြံ့ခိုင်မှု၊ ပုသိမ်-မုံရွာလမ်းနှင့် ပုသိမ် - ကံကလေး - ရေကြည်လမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကြာမီဖွင့်လှစ်တော့မည့် ငဝန်တံတား(လေးမျက်နှာ)သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၆)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)က ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လေးမျက်နှာ - ခတ္တူ - ပန်းတောကြီးလမ်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် ကံကုန်းတံတား(ခတ္တူ)၊ နင်းကြမ်းတံတား၊ ပရဟိတတံတား၊ ထုံးပေါက်တံတားအမှတ်(၁)နှင့် (၂)၊ ငါးဒိန်တံတား၊ ပေါက်ပင်ရိုးတံတား၊ ပန်းတိမ်ကျော်တံတား၊ ဆီဆုန်ကုန်းတံတားနှင့် ပန်းတောကြီးတံတားများ တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးသည် ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အားထားခဲ့ရသည့်အတွက် သွားလာရေးအလွန်ခက်ခဲပါကြောင်း၊ ယခုတံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးထားသောလမ်းများကြောင့် သွားလာရေးလွယ်ကူအဆင်ပြေပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်အောင် လမ်းအင်္ဂါရပ်များနှင့်အညီ စေတနာထားဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တံတားအချောသပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**တည်ဆောက်ထား**

ငဝန်တံတား(လေးမျက်နှာ)သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာ - ခတ္တူ - ပန်းတောကြီးလမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်းတံတားအရှည် ၁၉၆၈ ဒသမ ၆ ပေရှိသည်။ တံတားကို အောက်ခံအုတ်မြစ် ၁ ဒသမ ၂ မီတာ Ø Bored Pile ၊ ကိုယ်ထည် RC Concrete ၊ အပေါ်ထည် ပင်မတံတား Steel Box Girder နှင့် RC Slab တို့ဖြင့် တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေခြောက်လက်မစီပါရှိ၍ တံတားအောက်ရေလမ်းကင်းလွတ်အကျယ် ၁၇၃ ပေ၊ အမြင့်ပေ ၂၀ ရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟင်္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ Pilot Project ဖြင့် ဆောင်ရွက်သော တာဂွ - ဘုရားကုန်း- ဓမ္မိလမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟင်္သာတမြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောက်အဦ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟင်္သာတ - ဇလွန်လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ကြိမ်ပင်ဆည် - စကျော - ဓနုဖြူ - ဇလွန်လမ်းအပိုင်း အဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှု၊ ကားလမ်းနှင့် ရထားလမ်းပါရှိသော ဧရာဝတီတံတား(ညောင်တုန်း) ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး(ရန်ကုန်)၌ သံဃာဆေးကုသဆောင်သစ်နှင့် လေ့ကျင့်ကုသဆောင်သစ် ဖွင့်လှစ်



**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး(ရန်ကုန်)၌ သံဃာဆေးကုသဆောင်သစ်နှင့် လေ့ကျင့်ကုသဆောင်သစ်တို့ကို ယမန်နေ့ နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အလှူရှင်များကိုယ်စား ပြည်လုံးချမ်းသာ ဦးဘိုကြီးနှင့်တာဝန်ရှိသူများက အဆောက်အအုံသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံအတွင်း လိုက်လံကြည့်ရှုကြသည်။

သံဃာဆေးကုသဆောင်သစ်မှာ ၆၈ ပေ× ပေ ၃၀ ရှိကာ နှစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ စတင်ကာ အများထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လေ့ကျင့်ကုသဆောင်မှာ ပေ ၂၀ × ပေ ၃၀ ရှိ၍ တစ်ထပ်အဆောက်အအုံဖြစ်ကာ တစ်ဦးတည်းအလှူရှင်အဖြစ် ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံကြီးတွင် နေ့စဉ် ပြင်ပလူနာ ၁၀၀ နှင့် အထက်ရှိပြီး အတွင်းလူနာမှာ ၆၀ မှ ၈၀ အကြား တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# စားကြသမျှ မျှတစေချင်

ပါမောက္ခဒေါက်တာမောင်

**ယနေ့ကမ္ဘာနှင့် အာဟာရပြဿနာ**

စာရေးသူတို့ နိစ္စဓူဝ စားသောက်နေကြခြင်းတွင် အရသာခံခြင်းနှင့် ဗိုက်ဝခြင်းတို့ထက်ပိုသော အဓိပ္ပာယ်ရှိနေသည်။ ၎င်းမှာ ကျန်းမာစွာ အသက်ရှည်ရန် ဖြစ်သည်။

အာဟာရပြည့်ဝစွာ စားသောက်ခြင်းသည် ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်း၏ အကြောင်းတစ်ရပ်ဖြစ်ကြောင်း လူတိုင်းသိကြသည်။ သို့ရာတွင် အာဟာရပြည့်ဝစေရန် မည်သည့်အစားအသောက်များကို မည်သို့စားသောက်ရမည်ဆိုသည်ကိုမူ သိသူနည်းပါးပေလိမ့်မည်။

အမေရိကန်နိုင်ငံ မီရှီဂန်တက္ကသိုလ်၏ လေ့လာချက်အရ ၁၃ ရာခိုင်နှုန်းသော မိဘများသည် သားသမီးများကို နေ့စဉ် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံကျွေးသင့်ကြောင်း မသိကြချေ။ ၂၁ ရာခိုင်နှုန်းသည် အသင့်စားသောက်နိုင်ရန် ရောင်းချနေသော အစားအစာများသည် ကျန်းမာရေးနှင့်မညီညွတ်ကြောင်း မသိကြချေ။

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈ ခုနှစ်တွင်ဖော်ပြချက်အရ ကမ္ဘာတစ်ဝန်းတွင် ၁ ဒသမ ၉ သန်းသော အမျိုးသား အမျိုးသမီးများသည် အာဟာရလွန်ကဲ၍ အဝလွန်နေသူများဖြစ်ကြပြီး ၄၆၂ သန်းသည် ရှိသင့်သော ကိုယ်အလေးချိန် မရှိကြချေ။ ငါးနှစ်အောက်ကလေး ၅၂ သန်းသည် ကြုံလှီနေကြပြီး ၁၇ သန်းမှာ ဆိုးရွားသောအခြေအနေတွင်ရှိနေသည်။

မြန်မာနိုင်ငံတွင် MICS (၂၀၀၉-၂၀၁၀) ၏ ဖော်ပြချက်အရ ငါးနှစ်အောက်ကလေးများ၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်းမှာ ပုညှက်နေကြပြီး ၂၂ ဒသမ ၆ ရာခိုင်နှုန်းသည် ကြုံလှီနေကြသည်။ ကျန်းမာရေးဦးစီးဌာန အာဟာရဌာနခွဲ၏ ထုတ်ပြန်ချက်အရ သံဓာတ်ချို့တဲ့၍ ဖြစ်ပေါ်သော သွေးအားနည်းရောဂါသည် ကိုယ်ဝန်ဆောင်မိခင်များတွင် ၇၁ ရာခိုင်နှုန်း(၂၀၀၃ ခုနှစ်)နှင့် အသက် ၁၅-၄၅ နှစ် အမျိုးသမီးများတွင် ၄၅ ရာခိုင်နှုန်း(၂၀၀၁ ခုနှစ်) ရှိနေသည်။

**စားကြသမျှ**

စားနေကြသမျှတွင် အာဟာရဟုခေါ်ဆိုနိုင်ရန်မှာ အစာတစ်ခုသည် ခန္ဓာကိုယ်အတွက် စွမ်းအင်ကို ထုတ်ပေးနိုင်စွမ်း ရှိရမည်ဖြစ်သည်။ ခန္ဓာကိုယ်ကြီးထွားခြင်းကို အထောက်အကူဖြစ်စေရမည် ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ပျက်စီးသွားသော ဆဲလ်နှင့် တစ်သျှူးများကို အစားထိုးဖြည့်ဆည်းပေးနိုင်ရမည် ဖြစ်သည်။ ရောဂါများကို ကာကွယ်ပေးနိုင်စွမ်းရှိရမည် ဖြစ်သည်။

အာဟာရ အလို့ငှာ နေ့စဉ်စားနေသော အစာများသည် အမျိုးအစားအားဖြင့် ခုနစ်မျိုး ရှိသည်။

၎င်းတို့မှာ ၁။ ကောက်နှံအမျိုးမျိုး၊ နှံစားသီးနှံများနှင့် သစ်ဥသစ်ဖုများ၊ ၂။ ဟင်းသီးဟင်းရွက်များ၊ ၃။ သစ်သီးဝလံများ၊ ၄။ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ၅။ အသားအမျိုးမျိုး၊ ငါးအမျိုးမျိုး၊ ပင်လယ်စာများ၊ ဥအမျိုးမျိုးနှင့် ပဲအမျိုးမျိုး၊ ၆။ အခွံမာသီးများ၊ အစေ့အဆန်များ၊ ဆီအမျိုးမျိုးနှင့် ၇။ အချိုအမျိုးမျိုးတို့ ဖြစ်ကြသည်။

ထိုအစားအစာများတွင် အာဟာရဓာတ် ခုနစ်မျိုး ပါဝင်နေသည်။ ၁။ ကစီဓာတ်၊ ၂။ အဆီဓာတ်၊ ၃။ အသားဓာတ်၊ ၄။ ဗီတာမင်ဓာတ်၊ ၅။ သတ္တုဓာတ်၊ ၆။ အမျှင်ဓာတ်နှင့် ၇။ ရေဓာတ်တို့ ဖြစ်ကြသည်။

**ကစီဓာတ်**

ကောက်နှံများ၊ သစ်ဥသစ်ဖုများ၊ အချိုစာများတွင် အဓိကပါဝင်ပြီး အင်အားကိုထုတ်ပေးသော အာဟာရဓာတ်ဖြစ်သည်။ အစာချေဖျက်ပြီးသောအခါ သကြား (glucose)အဖြစ် သွေးထဲသို့ ရောက်ရှိသွားသည်။ ဆဲလ်များအားလုံးသည် အင်အားကို glucose မှ ရယူကြသည်။ အထူးသဖြင့် ဦးနှောက်ဆဲလ်များသည် ပုံမှန်အလုပ်လုပ်နိုင်ရန် သွေးထဲရှိ glucose အပေါ်မှီခိုနေကြရသည်။

လုပ်ရှားတက်ကြွနေသော လူငယ်များ၊ ကိုယ်အလေးချိန်များသူများ၊ ခွန်အားစိုက်ထုတ်ရသော ကာယလုပ်သားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင် များသည် အင်အားပိုမိုလိုအပ်သူများဖြစ်သည့် အလျောက် ကစီဓာတ်လုံလောက်စွာ စားသောက်နိုင်ရန် လိုအပ်သည်။

ဆဲလ်များသည် လိုအပ်သည်ထက် ပိုလျှံသော ကစီဓာတ်များကို အဆီအဖြစ်ပြောင်းလဲ၍ ဝမ်းဗိုက်နှင့် ခါးတို့တွင် စုဆောင်းထားလိုက်သည်။

ကစီဓာတ်ကဲ့သို့အင်အားကို ထုတ်ပေးသော အာဟာရဓာတ် ဖြစ်သည်။ သို့သော် ကစီဓာတ်ထက် နှစ်ဆကျော်ထုတ်ပေးနိုင်သည်။ သက်ရှိသတ္တဝါများမှရရှိသလို သီးနှံများမှလည်း ရရှိနိုင်သည်။

**အဆီဓာတ်**

အစာချေဖျက်ပြီးသောအခါ အဆီမော်လီကျူး (fatty acids) များအဖြစ် သွေးထဲသို့ ရောက်ရှိသွားသည်။ ဦးနှောက်ဆဲလ်များမှအပ ကျန်ဆဲလ်အားလုံးသည် fatty acids များကို လောင်စာအဖြစ် စွမ်းအင်ထုတ်ယူရန် အသုံးပြုသည်။

အဆီဓာတ်သည် ခန္ဓာကိုယ်၏ မရှိမဖြစ်လိုအပ်သော essential fatty acids များကို ရရှိစေသည်။ အဆီတွင် ပျော်ဝင်သော ဗီတာမင်များဖြစ်သော (A, D, E, K) တို့ကို သယ်ဆောင်ပေးသည်။ အစားအစာများကို ပိုမိုအရသာရှိစေသည်။ အအေးဒဏ်နှင့် ထိခိုက်ဒဏ်ရာရရှိမှုကို ကာကွယ်ပေးသည်။ လိုအပ်သည်ထက် ပိုမိုစားသုံးသော အဆီများသည်လည်း ခန္ဓာကိုယ်၏ အဆီပြင်များအဖြစ် ပြောင်းလဲသွား ကြသည်။

> **တစ်နပ်စာ ထမင်းတစ်ပန်းကန်တွင် ပန်းကန်၏ တစ်ဝက်သည် ထမင်းဖြစ်သည်။ ကျန်တစ်ဝက်၏ သုံးပုံနှစ်ပုံသည် အသီးအရွက်ဖြစ်ပြီး ကျန်သုံးပုံ တစ်ပုံ သည် အသား/ငါး/ဥ ဟင်း ဖြစ်သည်။ သရေစာအဖြစ် ရာသီပေါ်သီးနှံများသည် အကောင်းဆုံး ဖြစ်သည်။**

**အသားဓာတ်**

သက်ရှိသတ္တဝါများမှ ရရှိနိုင်သလို ဥအမျိုးမျိုး၊ ပဲအမျိုးမျိုးနှင့် နို့နှင့် နို့ထွက်ပစ္စည်းများမှလည်း ရရှိသည်။ အစာချေဖျက်ပြီးနောက် သွေးထဲသို့ အမိုင်နိုအက်စစ်များအဖြစ်ရောက်ရှိသွားသည်။

စာရေးသူတို့ ခန္ဓာကိုယ်၏ အသားစိုင်များနှင့် အစိတ်အပိုင်းများသည် အမိုင်နိုအက်စစ်များဖြင့် တည်ဆောက်ထားသည်။ စုစုပေါင်း အမျိုး ၂၀ ရှိသည်။ ၁၀ မျိုး မှာ ခန္ဓာကိုယ်၏ ဆဲလ်များက မဖန်တီးနိုင်သဖြင့် စားသောက်သော အစားအစာမှ ရယူရသည်။ ၎င်းတို့ကို အဓိကအမိုင်နိုအက်စစ် (essential amino acids) များဟု ခေါ်ဆိုသည်။

ထို့ကြောင့် ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးရန်လည်းကောင်း၊ ပျက်စီးဆုံးရှုံးခြင်းများကို ပြန်လည်ဖြည့်ဆည်းပေးရန်လည်းကောင်း၊ နာလန်ထစလူမမာများနှင့် ခွဲစိတ်ပြီးစလူနာများတွင်လည်းကောင်း၊ နို့တိုက်မိခင်များ နို့ကောင်းစွာထွက်ရန်လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များသည်လည်းကောင်း လုံလောက်သော အသားဓာတ် စားသောက်ရန် လိုအပ်ပေသည်။

သွေးအားကိုဖြစ်ပေါ်စေသော သွေးနီဥဆဲလ်များ တည်ဆောက်ရန်နှင့် ကိုယ်ခံစွမ်းအားကိုဖြစ်ပေါ်စေသော မော်လီကျူး(antibody)များ တည်ဆောက်ရန် အစားအစာမှ အမိုင်နိုအက်စစ်များ လုံလောက်စွာရရှိရန် အရေးကြီးပေသည်။

ကစီဓာတ်၊ အဆီဓာတ်တို့နှင့်မတူသော အချက်မှာ အပိုအလျှံစားသောက်သောအသားဓာတ်ကို ခန္ဓာကိုယ်က သိုလှောင်ထားနိုင်ခြင်း မရှိချေ။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ လုံလောက်အောင်စားသောက်ရန် လိုအပ်ပေသည်။

**ဗီတာမင်ဓာတ်**

ဗီတာမင်ဓာတ်များသည် နေ့စဉ်အနည်းငယ်မျှသာ လိုအပ်သော အာဟာရဓာတ်များ ဖြစ်ကြသည်။ ဆဲလ်များ၏ ပုံမှန်လုပ်ငန်းများအတွက် မဖြစ်မနေ လိုအပ်ကြသည်။

ရေတွင်ပျော်ဝင်သောအုပ်စုနှင့် ရေတွင်မပျော်ဝင်သော အုပ်စုဟူ၍ အုပ်စု နှစ်စု ရှိသည်။

ဗီတာမင်များကို "အားဆေး" အဖြစ်ခေါ်ဝေါ်နေသည်မှာ မှားယွင်းနေသည်။ ဗီတာမင်များသည် အင်အားဓာတ်ကို ထုတ်ပေးနိုင်စွမ်း မရှိချေ။ လိုအပ်သောပမာဏ မစားသုံးလျှင် ဗီတာမင်ချို့တဲ့သော ရောဂါများဖြစ်ပေါ် လာနိုင်သဖြင့် နေ့စဉ်လုံလောက်အောင် စားသောက်ရသည်။

**သတ္တုဓာတ်များ**

ဗီတာမင်ဓာတ်များကဲ့သို့ ပမာဏ အနည်းငယ်သာ လိုအပ်သော အာဟာရဓာတ်များ ဖြစ်သည်။

ခန္ဓာကိုယ်သည် နေ့စဉ် သတ္တုဓာတ် အမျိုး ၂၀ လိုအပ်သည်။ ချို့တဲ့ခြင်း ဖြစ်လွယ်သော သတ္တုဓာတ်များမှာ သံဓာတ်၊ ထုံးဓာတ်နှင့် အိုင်အိုဒင်းဓာတ်များ ဖြစ်ကြသည်။

**အမျှင်ဓာတ်**

ကောက်နှံအမျိုးမျိုး၊ ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့တွင် စာရေးသူတို့ အစာလမ်းကြောင်းက မချေဖျက်နိုင်သော အမျှင်ဓာတ်များ ပါရှိနေသည်။

ချေဖျက်နိုင်ခြင်း၊ စုပ်ယူနိုင်ခြင်းမရှိသော်လည်း အမျှင်ဓာတ်များသည် ကျန်းမာရေးကို များစွာကျေးဇူးပြုသော အာဟာရဓာတ်များဖြစ်ကြသည်။

အမျှင်ဓာတ်များသည် နေ့စဉ်ပုံမှန်ဝမ်းသွားသော အလေ့အကျင့်ကို ဖြစ်စေသည်။ ဝမ်းချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော လိပ်ခေါင်းရောဂါနှင့် အူမကြီးကင်ဆာ တို့ကို ကာကွယ်ပေးသည်။ အစာစားပြီးသည့်အချိန် သွေးထဲတွင် သကြားဓာတ်နှင့် အဆီဓာတ်တို့ ရုတ်တရက်မြင့်တက်မလာစေခြင်းဖြင့် ဆီးချိုရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါတို့ကို ကာကွယ်ထားသည်။

အစာအိမ်နှင့် အူလမ်းကြောင်းထဲတွင် အချိန်ကြာမြင့်စွာတည်ရှိနေသောကြောင့် မကြာခဏ အစာစားလိုစိတ်ကို လျော့နည်းစေပြီး ကိုယ်အလေးချိန်ထိန်းသိမ်းရာတွင် အထောက်အကူပြုသည်။

အရှေ့တောင်အာရှ နိုင်ငံသားများသည် တစ်နေ့လျှင် အမျှင်ဓာတ် ၂၀-၃၀ ဂရမ် စားသင့်ကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

ငှက်ပျောသီးတစ်လုံးတွင် အမျှင်ဓာတ် လေးဂရမ်ပါဝင်ပြီး ကိုက်လန်ကြော် ပန်းကန်တစ်လုံးတွင် ခုနစ်ဂရမ်၊ ချက်ထားသော ပဲနီလေး ပန်းကန်တစ်လုံးတွင် ၁၄ ဂရမ် အသီးသီးပါဝင်သည်။

**မှန်ကန်သောပမာဏနှင့် မျှတသောအချိုးအစား**

အာဟာရပြည့်ဝသော အစားအစာဆိုသည်မှာ အာဟာရဓာတ် ခြောက်မျိုးစလုံးနှင့် ရေဓာတ်တို့ကို အသက်အရွယ်၊ ကျား/မ၊ အလုပ်အကိုင်၊ ကျန်းမာရေးအခြေအနေ၊ သဘာဝလိုအပ်ချက် ကြီးထွားခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ မိခင်နို့တိုက်ကျွေးခြင်းအလိုက် မှန်ကန်သောပမာဏနှင့် မျှတသောအချိုးအစားအတိုင်း နေ့စဉ်စားသောက်ရန် ဖြစ်သည်။

အာဟာရဓာတ်ခြောက်မျိုးကို လက်တွေ့ စားသောက်နိုင်ရန် အစာအုပ်စု သုံးစုအဖြစ် ကြည့်ရှုနိုင်သည်။

ပထမအုပ်စုသည် အင်အားကိုဖြစ်စေသော အစာအုပ်စု ဖြစ်သည်။ ကောက်နှံအမျိုးမျိုး၊ နှံစားသီးနှံများနှင့် သစ်ဥသစ်ဖုများ၊ အခွံမာသီးများ၊ အစေ့အဆန်များ၊ ဆီအမျိုးမျိုးနှင့် အချိုအမျိုးမျိုးတို့ ပါဝင်ကြသည်။

ဒုတိယအုပ်စုသည် ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စု ဖြစ်သည်။ အသားအမျိုးမျိုး၊ ငါး၊ ပုစွန်၊ ဥအမျိုးမျိုး၊ ပဲအမျိုးမျိုးနှင့် နို့နှင့် နို့ထွက်ပစ္စည်းတို့ ပါဝင်ကြသည်။

တတိယအုပ်စုသည် ရောဂါကာကွယ်ပေးသော အစာအုပ်စု ဖြစ်သည်။ ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် အသီးအနှံတို့ ပါဝင်ကြသည်။

အာဟာရပြည့်ဝရန် နေ့စဉ် အစာအုပ်စု သုံးစုစလုံး ပါဝင်အောင် စားသောက်ရမည်ဖြစ်သည်။

တိကျသော ပမာဏသည် လူတစ်ဦးနေ့စဉ်လိုအပ်သောစွမ်းအင်(ကယ်လိုရီ) အပေါ်မူတည်နေသည်။ မျှတသော အချိုးအစားဆိုသည်မှာ ကစီဓာတ်သည် စုစုပေါင်း စွမ်းအင်လိုအပ်ချက်၏ ၅၅ မှ ၇၅ ရာခိုင်နှုန်း၊ အဆီဓာတ်သည် ၁၅ မှ ၃၀ ရာခိုင်နှုန်း၊ အသားဓာတ်သည် ၁၀ မှ ၁၅ ရာခိုင်နှုန်း ဖြစ်သည်။ အာဟာရပညာရှင်များသည် အတိအကျ တွက်ချက်၍ တစ်နေ့စာ ဟင်းလျာဖန်တီးရန် ကျွမ်းကျင်ကြသည်။ (အသင့်အတင့် လှုပ်ရှားမှုရှိသော လူကြီးတစ်ဦးသည် တစ်နေ့လျှင် ကယ်လိုရီ ၂၅၀၀ ခန့် လိုအပ်သည်)

**လွယ်ကူသော စားသောက်နည်းပုံစံ**

အစာအုပ်စု သုံးစု စလုံး ပါဝင်ပြီး နေ့စဉ်မျှတစွာ စားသောက်ရန် လွယ်ကူသော စားသောက်နည်း ပုံစံကို LEARN Project ၏ ၂၀၁၄ ခုနှစ် အညာဒေသနှင့်ရှမ်းပြည်တို့တွင် အာဟာရပညာပေးကွင်းဆင်းဆောင်ရွက်စဉ် အသုံးပြုခဲ့ပြီး ယင်းပုံစံကို ထပ်ဆင့်ဖော်ပြလိုပါသည်။

ထမင်း (အင်အားအုပ်စု)၊ ဟင်းသီးဟင်းရွက် (ရောဂါကာကွယ်သောအုပ်စု)၊ အသား/ ငါး/ဥ ဟင်း (ကြီးထွားစေသောအုပ်စု) တို့ကို( ၃ ၊ ၂ ၊ ၁) အတိုင်း စားသောက်ရန်ဖြစ်သည်။ တစ်နပ်စာ ထမင်း တစ်ပန်းကန်တွင် ပန်းကန်၏တစ်ဝက်သည် ထမင် ဖြစ်သည်။ ကျန် တစ်ဝက်၏ သုံးပုံနှစ်ပုံသည် အသီးအရွက် ဖြစ်ပြီး ကျန်သုံးပုံတစ်ပုံသည် အသား/ငါး/ဥ ဟင်း ဖြစ်သည်။ သရေစာအဖြစ် ရာသီပေါ်သီးနှံများသည် အကောင်းဆုံး ဖြစ်သည်။

စာရေးသူတို့ မြန်မာလူမျိုးများ၏ တို့စရာအဖြစ် အစိမ်းစားနိုင်သော ဟင်းသီးဟင်းရွက်များ(သခွားသီး၊ ရှောက်ရွက်၊ ပူဒီနာ၊ ခရမ်းကြွပ်သီး၊ မြင်းခွာရွက် စသည်) ဖြစ်စေ၊ ရေနွေးဖြော၊ ပြုတ်၍စားနိုင်သော ဟင်းသီးဟင်းရွက်များ (ရုံးပတီသီး၊ ကန်စွန်းရွက်၊ ပဲညွန့်၊ ပဲစောင်းလျားသီး၊ ပဲတောင့်ရှည် စသည်) ဖြစ်စေ တစ်ရက်တာအတွင်း ဟင်းသီးဟင်းရွက်အနည်းဆုံး ငါးမျိုးခန့်ပါအောင် စားသောက်ပါက များစွာအထောက်အကူဖြစ်ပေသည်။ တို့စရာနှင့်တွဲဖက်စားရသော ငါးပိရည်ကျိုသည် အာဟာရတန်ဖိုးမြင့်မားသော အစားအစာတစ်ခုဖြစ်သည်။ ငါးပိရည်ကျိုတွင် အမဲသား၊ ဆိတ်သား၊ ဝက်သားတို့နီးပါး အာဟာရတန်ဖိုး ပါဝင်သည်။ အသားဓာတ် ၂၀ မှ ၃၀ ရာခိုင်နှုန်း၊ အဆီ သုံး မှ လေး ရာခိုင်နှုန်းနှင့် တစ်အောင်စလျှင် ကယ်လိုရီ ၃၁ မှ ၄၈ ရာခိုင်နှုန်း ပါဝင်သည်။ အရိုးများကို သန်မာစေသော ထုံးဓာတ် (ကယ်ဆီယမ်)သည် လူတစ်ဦး တစ်နေ့စာ လိုအပ်သည်ထက် ပိုမိုပါဝင်နေသည်။ သို့ရာတွင် ဆားဓာတ် ၂၀ မှ ၃၀ ရာခိုင်နှုန်း ပါဝင်နေသဖြင့် သွေးတိုးရောဂါရှိသူများ သတိပြုရန်ဖြစ်သည်။ ကျန်းမာသော လူတစ်ဦးသည် တစ်နေ့လျှင် အိမ်သုံး ဆား ၁၅၀၀ မှ ၂၄၀၀ မီလီဂရမ်အထိ လိုအပ်ပြီး သွေးတိုးရောဂါရှိသူမှာ ၁၅၀၀ မီလီဂရမ်အထိ စားသုံးနိုင်သည်။ (လက်ဖက်ရည်ဇွန်း တစ်ဇွန်းတွင် ၂၃၀၀ မီလီဂရမ် ပါဝင်သည်)။

စာမျက်နှာ ၁၁ သို့

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နိုင်ငံတကာ စက်မှုနည်းပညာပြပွဲ၊ တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ တက်ရောက်အားပေး



**ရန်ကုန် ဇန်နဝါရီ ၂၇**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် စက်မှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၆) ကြိမ်မြောက် နိုင်ငံတကာစက်မှုနည်းပညာပြပွဲ၊ တီထွင်ဖန်တီးမှု စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်သည်။

**ပုဂ္ဂလိကအခန်းကဏ္ဍတိုးမြှင့်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြပွဲတွင် ခင်းကျင်းပြသထားသည့် စက်မှုလုပ်ငန်း ပြခန်းများနှင့် စက်မှုနည်းပညာ တီထွင်ဖန်တီးမှုပြိုင်ပွဲတွင် ပြသထားသည့် တီထွင်ဆန်းသစ်မှုများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်း၍ ကျင်းပလာခဲ့သည်မှာ (၆)ကြိမ်မြောက်ရှိခဲ့ပြီး ယခုပြပွဲတွင် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် စက်မှုလုပ်ငန်းများမှ အရည်အသွေးမြင့် ထုတ်လုပ်နေမှုများကို မိတ်ဆက်ပြသရောင်းချခြင်း၊ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများကိုမိတ်ဆက်ပြသ၍ ရှင်းလင်းပြသထားရာတွင် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သော မော်တော်ယာဉ်အမျိုးမျိုးနှင့် တင်သွင်းလျှပ်စစ်မော်တော်ယာဉ်များ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှု၏ ရလဒ်တစ်ခုဖြစ်သော 3D Printer များကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်၍ ပုံစံငယ် model များထုတ်လုပ်ခြင်း၊ CNC စက်များဖြင့် ပုံစံသစ်အမျိုးမျိုး ဖန်တီးထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာအမျိုးမျိုး၊ နည်းပညာဆိုင်ရာ နီးနှောဖလှယ်ပွဲများ၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနည်းပညာများ၊ ပုဂ္ဂလိကအခန်းကဏ္ဍတိုးမြှင့်ပေးရန် ပူးပေါင်းဆောင်ရွက်ပေးရေးတို့ကို ရှေးရှု၍ ပြပွဲကိုကျင်းပခြင်းဖြစ်သည်။

နည်းပညာအသုံးပြု၍ Value Added ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ရန်၊ နိုင်ငံသားတိုင်း၏ တီထွင်ဖန်တီးမှုစိတ်ကူး၊ စိတ်သန်းများကို မြှင့်တင်ပေးရန်၊ လက်တွေ့အပြင်လောကတွင် အမှန်တကယ် အသုံးချနိုင်သည့် အဆင့်ရောက်စေရန် ရည်ရွယ်၍ Inventor Award စက်မှုနည်းပညာ တီထွင်ဖန်တီးခြင်းများကို ကျင်းပပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာမှ နည်းပညာများ မိတ်ဆက်ပြသနိုင်ခြင်း၊ နိုင်ငံတကာနည်းပညာများနှင့် ပြည်တွင်းနည်းပညာများကို အပြန်အလှန်ချိတ်ဆက်၍ ကဏ္ဍအသီးသီးတွင် ပြည်သူလူထုများ ပိုမိုပါဝင်လာစေခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်မှုစွမ်းအား ပိုမိုတွင်ကျယ်လာစေခြင်းဖြင့် နိုင်ငံတော်အတွက် အသုံးချနိုင်သော တီထွင်ဖန်တီးမှုများ ထွက်ပေါ်လာစေရန်ဖြစ်သည်။

စက်မှုနည်းပညာပြပွဲတွင် စက်မှုနည်းပညာများကို အခြေခံကာ နည်းပညာအမျိုးမျိုးသုံး၍ စက်မှုနည်းပညာ တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲအား အဆင့်လေးမျိုး ကျင်းပခဲ့ပြီး အလွတ်တန်းအဆင့်၊ နည်းပညာတက္ကသိုလ်အဆင့်၊ နည်းပညာကောလိပ်အဆင့်၊ နည်းပညာအထက်တန်းကျောင်း၊ စက်မှုသင်တန်းကျောင်းအဆင့်ဟူ၍ ခွဲခြားကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် အတန်းလိုက် ဆုရရှိသူများအား ပြပွဲနောက်ဆုံးရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုများဖြင့် နည်းပညာဆန်းသစ်၍ စွန့်ဦးတီထွင်လိုစိတ်ရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှုရှိလာစေရန်နှင့် သတ္တိ၊ လုံ့လနှင့် ဇွဲ၊ ဝီရိယတို့ကို ပိုမိုမြှင့်တင်လာစေရန် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ ပြည်ထောင်စုဝန်ကြီးမှ**
ခေါင်းဆောင်ကြီးများ၏ အလွတ်သဘော တွေ့ဆုံသည့် အခမ်းအနားများသို့ ပါဝင်တက်ရောက်ခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပသည့် ကာလအတွင်း UNCTAD မှ ကမ္ဘာနှင့် အဝှမ်း ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးနေခြင်းအပေါ် အဖြေရှာနိုင်ရေးအတွက် ရည်ရွယ်ကျင်းပပြုလုပ်သည့် High Level Roundtable on Global Investment Trends တွင် ဦးဆောင်ဆွေးနွေးသူတစ်ဦးအဖြစ် ပါဝင်ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပြည်တွင်း/ပြည်ပမှ တာဝန်သိ၍ အရည်အသွေးနှင့်ရေရှည်တည်တံ့မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်စေရေးအတွက် ဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးအတွက် ဥပဒေပိုင်း၊ အဖွဲ့အစည်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲနေမှုများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးများနှင့်တွေ့ဆုံ၍ ကောင်းမွန်သည့် အတွေ့အကြုံများဖလှယ်ရေး၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့သည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့ပြင် Briding the Asian Demographic Divide၊ Shaping ASEAN’s agenda in the Global Context၊ Smarter, Better, Faster Trade စသည့်ခေါင်းစဉ်များဖြင့် ကျင်းပသည့်ဆွေးနွေးပွဲများတွင်လည်း အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်နေသည့် ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည့်အပြင် မြန်မာနိုင်ငံတွင်စိန်ခေါ်မှုအချို့ရှိနေသေးသော်လည်း နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများ လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ မြောက်မြားစွာရှိနေခြင်း၊ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းဖန်တီးနေခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းတို့ကို အသိပေးပြောကြားခဲ့သည်။

**အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး**

ထို့နောက် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရန် ရည်ရွယ်ကျင်းပသည့် ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးမှ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသည့် စီးပွားရေးလုပ်ငန်းရှင်အချို့နှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်း၊ သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးဖြေကြားခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ sideline event တစ်ခုအဖြစ် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံအချို့မှ E-Commerce သဘောတူညီချက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ရန် ကတိကဝတ်ပြုထားသည့် ဒုတိယအကြိမ် Joint Statement on E-Commerce ထုတ်ပြန်သည့် ဝန်ကြီးအဆင့် အလွတ်သဘောအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို မိန့်ခွန်းတစ်ရပ်ပါဝင်ပြောကြားခဲ့သည်။ ယင်းမိန့်ခွန်းတွင် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများရှိနေလင့်ကစား Joint Statement on E-Commerce ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ထောက်ခံခဲ့ကြောင်း၊ digital economy ရေစီးကြောင်းတွင် အောင်မြင်စွာ ပြောင်းလဲလိုက်ပါနိုင်ရေးအတွက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကွန်ရက်များ၊ online ဝန်ဆောင်မှုများ ပိုမိုတိုးတက်ချဲ့ထွင်နိုင်ရေး၊ အစိုးရဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်ရေးတို့ကို ဆက်လက် အလေးပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် structural reforms များကို ကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**သီးခြားစီလက်ခံတွေ့ဆုံ**

အစည်းအဝေးကာလအတွင်း WEF မှ အကြီးအကဲများ၊ ICRC ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင် Prudential ကုမ္ပဏီဥက္ကဋ္ဌ၊ JICA ဥက္ကဋ္ဌ၊ Sumitomo Corporation ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ Ooredoo ကုမ္ပဏီဥက္ကဋ္ဌ၊ GE Gas Power ကုမ္ပဏီဥက္ကဋ္ဌ၊ Telenor ကုမ္ပဏီ၊ ထိုင်းနိုင်ငံ Amata Corporation၊ အမေရိကန်နိုင်ငံ Visa ကုမ္ပဏီ၊ အီတလီနိုင်ငံ Geox ကုမ္ပဏီတို့မှ အကြီးအကဲများအပါအဝင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ယခုနှစ်ကျင်းပပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ ၆၅ ဦး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဆင့် ၃၀၀ ကျော်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထိပ်တန်းအရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အမှုဆောင်အရာရှိချုပ်အဆင့် ၈၀၀ ကျော် အပါအဝင် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ကိုယ်စားလှယ်စုစုပေါင်း ၃၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

---



# လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**
ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို သည် ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ က မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ကော်မရှင်အဖွဲ့ဝင်ဖြစ်သူ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမား သည် ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။

**သတင်းစဉ်**

# ဘက်စုံထူးချွန်လူငယ်များအားဆုချီးမြှင့်၊ လူရည်ချွန် (၁၉၆၄ - ၁၉၈၈) အဖွဲ့အား အလှူငွေများလှူဒါန်း



ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းကိုယ်စား လူရည်ချွန် ဦးညိုမြင့်နှင့် လူရည်ချွန်ဒေါက်တာနန်းခင်မေဖူးတို့က ငွေကျပ်သိန်း ၃၀၀ လှူဒါန်းရာ လူရည်ချွန်(၁၉၆၄ - ၁၉၈၈)အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်ဇော်မျိုးက လက်ခံရယူစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

လူရည်ချွန် (၁၉၆၄ - ၁၉၈၈)အဖွဲ့ နှစ်ပတ်လည် ညစာစားပွဲနှင့် ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံတကာစီးပွားရေးဗဟိုဌာန (IBC)၌ ကျင်းပသည်။

အခမ်းအနားတွင် လူရည်ချွန်(၁၉၆၄ - ၁၉၈၈)အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်ဇော်မျိုးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ လူရည်ချွန်စီမံကိန်းအစဦးကာလမှ ဦးဆောင်ပါဝင်ခဲ့သူ ဆရာကြီး ဒေါက်တာဦးသန်းဦးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် ရမှတ်အများဆုံး ၁၀ ဦးတို့အား ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဦးကျော်တင်တို့က ဆုများချီးမြှင့်ပေးကြသည်။

ယင်းနောက် လူရည်ချွန်(၁၉၆၄ - ၁၉၈၈)အဖွဲ့၏ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍ၊ တိုင်းကျိုးပြည်ပြု ပရဟိတလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ လှူဒါန်းကြရာ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းကိုယ်စား လူရည်ချွန် ဦးညိုမြင့်နှင့် လူရည်ချွန် ဒေါက်တာနန်းခင်မေဖူးတို့က ငွေကျပ်သိန်း ၃၀၀၊ ဒေါက်တာအေးအေး၊ ဒေါက်တာကြူကြူနှင့် ဒေါက်တာမောင်မြ(လားရှိုး)လူရည်ချွန်မောင်နှမများက ငွေကျပ် သိန်း ၅၀၊ လူရည်ချွန်ဗိုလ်ချုပ်နိုင်မင်းကျော်နှင့် လူရည်ချွန်မောင်နှမများက ငွေကျပ် ၁၄ သိန်းနှစ်သောင်း၊ လူရည်ချွန်ဒေါက်တာဦးစိုင်းမောက်ခမ်း (ဒုတိယ သမ္မတ - ငြိမ်း)က ငွေကျပ် ၁၀ သိန်း၊ လူရည်ချွန် ပါမောက္ခ ဒေါက်တာအောင်ဇော်မျိုးက ငွေကျပ် သုံးသိန်း၊ လူရည်ချွန် ဒေါ်ငြိမ်းငြိမ်းအေး(ဩစတြေးလျ)က ငွေကျပ်နှစ်သိန်း၊ ဒေါ်နန်းပေါင်းခမ်း၊ ဒေါ်ယဉ်မင်းအေး၊ ဒေါ်စိမ်းစိမ်းထက်၊ ဒေါ်သက်ကေသွယ်အောင်နှင့်ဒေါ်အိရွှေစင်သိမ်း လူရည်ချွန်တစ်စုက ငွေကျပ်နှစ်သိန်းရှစ်သောင်း၊ လူရည်ချွန် ဦးခင်မောင်ကြည်နှင့် ဒေါ်ဆန်းဆန်းလှက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာလူရည်ချွန်(၁၉၆၄ - ၁၉၈၈)အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ဇော်မျိုးက လက်ခံခဲ့ကြောင်း သိရသည်။

**မောင်မောင်မျိုး**

---

❍ **ကျောဖုံးမှ**

ဒီလိုပွဲမျိုးတွေ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရင် အမှန်တကယ်ရည်ရွယ်တဲ့အတိုင်း အောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်''ဟု ပြောသည်။

''သွေးချင်းတို့ရဲ့ပွဲတော်ဆီ'' ပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် တအာင်း(ပလောင်)၊ကိုးကန့် ၊ ဓနု၊ ပအိုဝ်း၊''ဝ''တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတို့တွင်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံသာမက မြန်မာ-ဂျပန် ချစ်ကြည်ရေးအထိမ်းအမှတ် ချယ်ရီပန်းပင်စိုက်ပွဲတော်သို့ လာရောက်ကြသည့် ဂျပန်နိုင်ငံသားများ၊ ပြည်ပခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်သည့် ရန်ကင်းမြို့နယ်နေ ဦးထွန်းထွန်းက ''ရန်ကုန်မှာ ဒီလို ပွဲတော်လုပ်ပေးတဲ့အတွက် ကိုယ့်တိုင်းရင်းသားညီအစ်ကိုတွေရဲ့ယဉ်ကျေးမှု ရိုးရာဓလေ့တွေကို တစ်နေရာတည်းမှာလေ့လာခွင့်ရတယ်။ တချို့တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ဝတ်စုံတွေဆို အခုမှမြင်ဖူးတယ်။ တိုင်းရင်းသားရိုးရာအစားအစာတွေဆိုလည်း အခုမှပဲ အစုံစားဖူးတယ်။ တကယ်ကို ထူးထူးခြားခြား ကြုံတွေ့ခွင့်ရတဲ့ပွဲပါ''ဟု ပြောသည်။

ညနေပိုင်းတွင် ပွဲတော်ကျင်းပရာ မနောကွင်း၌ ကချင်မနောအက ဆင်နွှဲရာ တိုင်းရင်းသားပေါင်းစုံနှင့်အတူ ပွဲတော်သို့ လာရောက်ကြသူများကလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ကချင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင် ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ညနေပိုင်းမှာ ''မနောကွင်းမှာ စီးပွားရေးတိုးတက်ခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ ရည်ရွယ်ချက်နဲ့ မနောအက ကပါတယ်။ ဆွတ်မနောဆိုတဲ့ စီးပွားရေးတိုးတက်ဖို့၊ သာယာဝပြောဖို့၊ ညီညွတ်ဖို့၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကတာဖြစ်ပါတယ်''ဟု ပြောသည်။

ဇန်နဝါရီ ၃၀ ရက်အထိ ခြောက်ရက်တိုင် ကျင်းပမည့် ''သွေးချင်းတို့ရဲ့ပွဲတော်ဆီ'' ပွဲတော်တွင် တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာအကအလှများ၊ တိုင်းရင်းသားလူမျိုးစုတစ်စုချင်းစီ၏ ယဉ်ကျေးမှုရိုးရာဓလေ့ နေထိုင်မှုပုံစံများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို တစုတစည်းတည်း လေ့လာမြင်တွေ့ရမည်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာအဝတ်အထည်များ၊ အစားအစာများ၊ ဒေသထွက်ပစ္စည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဖွင့်လှစ်ရောင်းချနေသည့် ကုန်ပစ္စည်းများကိုလည်း တစုတဝေးတည်း၊ တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

**သတင်း-သီသီမင်း**

**ဓာတ်ပုံ-ဇော်မင်းလတ်**



''သွေးချင်းတို့ရဲ့ပွဲတော်ဆီ'' ပွဲတော်တွင် ခင်းကျင်းပြသထားသော ပြခန်းများကို ဂျပန်နိုင်ငံ ချယ်ရီပန်းလေ့လာရေးအဖွဲ့က လာရောက်ကြည့်ရှုလေ့လာကြစဉ်။

---

# ဟင်းသီးဟင်းရွက်ပြပွဲသို့ ကရင်ပြည်နယ် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်မိသားစုများ၊ တောင်သူလယ်သမားများ လာရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် အစိုးရ၏ စီစဉ်မှုဖြင့် NCA လက်မှတ်ရေးထိုးထားပြီး ဒေသငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေကြသည့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များသည် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့်အတူ ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) ၌ ပြုလုပ်သည့် အဆင့်မြင့် ခေတ်မီစီးပွားဖြစ် ဟင်းသီးဟင်းရွက်ပြပွဲအခမ်းအနားသို့ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးဒေသ နောင်တယာနယ်မြေ KNU KNLA (PC) မှ စောအောင်ကောင်းရွှေနှင့် စိုက်ပျိုးရေးတာဝန်ခံ ဒေါ်ခိုင်ခိုင်မြင့်၊ မြဝတီမြို့နယ် ဆုံဆည်းမြိုင်ဒေသ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) မှ ဦးစိုးပိုင်၊ လှိုင်းဘွဲ့မြို့နယ်မှ ငြိမ်းချမ်းရေးအကျိုးဆောင် ဦးအောင်တော မိသားစုဝင်များ၊ ဖာပွန်မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်တို့မှ တောင်သူလယ်သမားများ စုစုပေါင်း ၄၀ တို့အား စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ ဒု-ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်နှင့် ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသူရစိုးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး ဒေသတွင်းသီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

လေ့လာရေးအဖွဲ့များသည် ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) ၌ စိုက်ပျိုးပြသထားသော အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ အိမ်ခြံဝင်းစိုက်ခင်း၊ မျိုးစေ့ထုတ်စိုက်ခင်းနှင့်နည်းပညာပေးစိုက်ခင်းများ၊ပုဂ္ဂလိက အရောင်းဆိုင်ခန်းများကို ကြည့်ရှုလေ့လာကြရာ စိုက်ခင်းပညာရှင်ဝန်ထမ်းများက သိရှိလိုသည်များကို အသေးစိတ်ရှင်းလင်းပြသကြသည်။ ထို့နောက် ကရင်ပြည်နယ်မှ လေ့လာရေးအဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် အင်းတကော်မြို့ သနပ်ပြင်ကျေးရွာရှိ ငမိုးရိပ်ဆည်ရေသောက်နွေစပါး တစ်ဆက်တစ်စပ်တည်းစိုက်ကွင်းများတွင် စိုက်ပျိုးနေသော စမ်းသပ်ကွက်များ၊ စံပြကွက်များ၊ SRI စနစ်ဖြင့် စိုက်ပျိုးသော စပါးစိုက်ခင်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ ကရင်ပြည်နယ်ရှိ သံလွင်မြစ်



ကမ်းဘေး မြေနုကျွန်းဒေသတောင်သူလယ်သမားများ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် မိသားစုများ၏ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေးအတွက် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနတို့က နည်းပညာများ ပို့ချခြင်း၊ မျိုးစေ့များ ထောက်ပံ့ခြင်းအပြင် FAO ၊ MEDA နှင့် GMSAEDC အဖွဲ့တို့ကလည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီးနှံဖျက်ပိုး FAW ငြှောင်တောင်ကြောင့် စိတ်မအေးနိုင်သည့် ပြောင်းစိုက်တောင်သူတို့ဘဝ

**"FAW ငြှောင်တောင်ပိုးလို့ သိတဲ့အချိန်မှာ အိပ်လို့တောင် မပျော်ပါဘူးဗျာ" ဟု FAW ငြှောင်တောင်ပိုးအများဆုံးဖြစ်ပွားရာ ဧရာဝတီတိုင်းဒေသကြီးတွင်နေထိုင်သည့် ဟင်္သာတမြို့ ရွှေကူကျေးရွာ ရွှေဟင်္သာကျွန်းမှ ပြောင်းစိုက်တောင်သူကြီး ဦးညဏ်ထွန်းက ပြောသည်။**

သတင်းဆောင်းပါး- သီသီမင်း
ဓာတ်ပုံ-နီနီ(စိုက်)

လတ်တလော ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့ရှိ အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် ကျရောက်လျက်ရှိသည့် သီးနှံဖျက် FAW ငြှောင်တောင်ပိုးသည် တောင်သူကြီး ဦးညဏ်ထွန်း၏ ၁၃ ဧကသော ပြောင်းခင်းများကို လွန်ခဲ့သည့် တစ်လကတည်းကပင် ဝင်ရောက်ဖျက်ဆီးနေသည့်အတွက် ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန၏ အကူအညီဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်နေပြီဖြစ်သည်။

"ဒီမှာ ပြောင်းခင်းတွေ ဆုံးရှုံးကြတာအများကြီးပဲ၊ စိုက်ပျိုးရေးဦးစီးဌာနက လာသတိပေးတုန်းက ဒီလောက်ထိဖြစ်မယ်မထင်လို့ ပေါ့ဆမိတာ၊ အခု စိုက်ပျိုးရေးဦးစီးဌာနက ဒရုန်းနဲ့ဆေးအခမဲ့ လာဖျန်းပေးပေမယ့် စိုက်ခင်းတွေအတွက် စောင့်ကြည့်နေရဆဲပဲ" ဟု တောင်သူကြီး ဦးညဏ်ထွန်းက ပြောသည်။

### မြန်မာနိုင်ငံသို့ ပြန့်ပွားလာ

ပြောင်းနှင့် အခြားသီးနှံ အမျိုးပေါင်း ၈၀ ကို ဖျက်ဆီးနိုင်သည့် (FAW ငြှောင်တောင်ပိုး) Fall Army worm (FAW) သည် မြန်မာနိုင်ငံတွင် တွေ့ရလေ့ရှိသည့် ဖျက်ပိုးမဟုတ်ဘဲ ယင်းပိုးကို အာဖရိကတွင် ၂၀၁၆ ခုနှစ်က စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် အာရှတိုက်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊



ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး

ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ ပျံ့နှံ့ပြီးနောက် မြန်မာနိုင်ငံသို့ပါ ရောက်ရှိပြန့်ပွားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အာရှနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် တွေ့ရပြီးနောက် ထိုမှတစ်ဆင့် အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသများသို့ လျင်မြန်စွာပျံ့နှံ့နိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO မှ သတိပေးချက် ရရှိပြီးနောက် FAW ငြှောင်တောင်ပိုး မျိုးစိတ်သစ် မြန်မာနိုင်ငံတွင် ကျရောက်မည့် ကြိုတင်သတိပေးချက်များကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းကတည်းက ထုတ်ပြန်ထားပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)ရန်ကုန်မှ သိရသည်။

### ကြိုတင်သတိပေးချက်ထုတ်ပြန်

"မကြာခင်မှာ ကျွန်တော်တို့ နိုင်ငံကို ရောက်လာမယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO က အသိပေးတဲ့ အချိန်ကတည်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနက ဝန်ထမ်းတွေကို ဒီပိုးနဲ့ ပတ်သက်ပြီး ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်တယ်၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်တယ်။ နောက်ပြီး တောင်သူတွေဆီကိုလည်း သတင်းတွေ ရောက်အောင် ဖြန့်ဝေပေးခဲ့ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)ရန်ကုန်မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

"တောင်သူတွေကိုလည်း ဒီဖျက်ပိုး ရောက်လာရင် အကောင်းဆုံး ပြင်ဆင်နိုင်အောင် ကြိုတင်သတိပေးချက်တွေလုပ်ခဲ့တယ်။ ကာကွယ်နှိမ်နင်းနည်းတွေပေးတယ်၊ အသိပညာတွေပေးတယ်၊ လိုအပ်တဲ့နည်းစနစ်ပိုင်းတွေ စီစဉ်ပေးတယ်၊ ဘာပဲဖြစ်ဖြစ် ကြိုတင်ပြင်ဆင်မှုဟာ အထိရောက်ဆုံးပါပဲ၊ ခက်တာက ကြိုတင်သတိပေးတာကို တောင်သူတွေက သိပ်ဂရုမစိုက်တာဘဲ" ဟု ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ဆက်ပြောသည်။

မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်၊ နေပြည်တော် တပ်ကုန်းမြို့နယ်၊



ဧရာဝတီတိုင်းဒေသကြီးအတွင်း FAW ငြှောင်တောင်ပိုး ကျရောက်ရာပြောင်းခင်းများတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံမြို့နယ်အတွင်းရှိ ဆောင်းအစေ့ထုတ် ပြောင်းသီးနှံစိုက်ပျိုးလျက်ရှိသော ကျေးရွာအချို့တွင် ကျရောက်လျက်ရှိသည်။

ငြှောင်တောင်ဖျက်ပိုး၏ ဥမြုံ၊ လောက်ကောင် အဆင့်ဆင့်နှင့် အကောင်ကြီးတို့၏ ပြင်ပရုပ်သွင်ပြင်လက္ခဏာများအပြင် နေထိုင်မှုအလေ့အထနှင့် စားသောက်ဖျက်ဆီးပုံလက္ခဏာများအပေါ် မူတည်၍ အမျိုးအစားခွဲခြားဆန်းစစ်ကြရာ ယခင်က မြန်မာနိုင်ငံတွင် ကျရောက်ဖူးခြင်း မရှိသေးသော မျိုးစိတ်သစ် ပြည်ပကျူးကျော်ဖျက်ပိုးဖြစ်ကြောင်း သီးနှံကာကွယ်ရေးဌာနခွဲ အင်းဆက်ဖျက်ပိုးပညာရှင်များက ဇန်နဝါရီ ၃ ရက်တွင် အတည်ပြုခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

### ဧကသိန်းနှင့်ချီ ပိုးပြန့်ပွား

FAW ငြှောင်တောင်ပိုးသည် ကီလိုမီတာ တစ်ရာအထိ ပျံသန်းနိုင်စွမ်းရှိသဖြင့် ယခုအခါ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်ရှိ ပြောင်းစိုက်ခင်းများသို့ ပျံ့နှံ့ရောက်ရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧက သိန်းနှင့်ချီ ပိုးပြန့်ပွားကျရောက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"အခုလောလောဆယ်တော့ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတနဲ့ ဇလွန်မှာက ကျန်တဲ့ဒေသတွေထက်ပိုပြီး ဆိုးနေတဲ့အတွက် ကွင်းဆင်းပြီး ကောင်းကင်ဆေးဖျန်းကိရိယာတွေနဲ့ ဆေးဖျန်းတာတွေ လုပ်ပါတယ်။ ခုချိန်ထိလည်း လုပ်နေဆဲပါ။ နေရာဒေသအားလုံးခြုံမိသွားအောင် အလျင်မြန်ဆုံးနည်းတွေနဲ့ ဘက်စုံနည်းတွေ အကုန်သုံးပြီး နှိမ်နင်းနေပါတယ်" ဟု FAW ငြှောင်တောင် ကျရောက်ရာ နယ်မြေများသို့ ကွင်းဆင်းဆောင်ရွက်နေသည့် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) ပိုးမွှားဗေဒဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ မို့မို့အေးက ပြောသည်။

အဆိုပါ FAW ငြှောင်တောင်ပိုးသည် ရက်ပိုင်းအတွင်း အဆင့်ဆင့်ကြီးထွားကာ တစ်ပေကိုတစ်ကောင်နှုန်း ပျံ့နှံ့သွားပြီး ပြောင်းပင်၏ လိပ်နေသော အတွင်းပိုင်းအလယ်ရွက်ကို ကိုက်ဖြတ်စားသောက်သည့် အကောင်များအဖြစ်သို့ ရောက်ရှိလျှင် ပိုမိုနှိမ်နင်းရခက်ခဲသည့် အနေအထားကြုံတွေ့ရသည့်အတွက် အထူးဂရုပြု ကာကွယ်ရန်လိုအပ်ကြောင်းသိရသည်။

FAW ငြှောင်တောင်ပိုး လောက်ကောင်သည် အပင်ထိပ်အတွင်းပိုင်းသို့ ဝင်ရောက်စားသောက်တတ်သဖြင့် ဆေးဖျန်းမည်ဆိုပါက ၎င်းနေရာသို့ရောက်အောင် ဂရုပြုဆေးဖျန်းရမည်ဖြစ်ပြီး ဆေးဖျန်းကာကွယ် နှိမ်နင်းရာတွင် သီးနှံသက်တမ်း တစ်လသားအရွယ်(အပင်အမြင့် နှစ်ပေ၊နှစ်ပေခွဲခန့်)၊ ဥမှပေါက်ပြီး သုံးရက်မှ ငါးရက်အတွင်း လောက်ကောင်ငယ်အဆင့်တွင် ဆေးဖျန်းခြင်းကို ထိထိရောက်ရောက် ပြုလုပ်သင့်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များက အကြံပြုပြောဆိုထားသည်။

### ညွှန်ကြားချက်အတိုင်း ဆောင်ရွက်

"ပိုးသတ်ဆေးသုံးရာမှာ ထိရောက်ဖို့လည်း လိုတယ်၊ အန္တရာယ်ကင်းဖို့လည်းလိုတယ်၊ ဆေးမသုံးသင့်တဲ့ အဆင့်တွေရှိတယ်။ တချို့အကောင်တွေက ရွက်ဖုံးအဆင့် ရောက်တဲ့အချိန်မှာ ဆေးသွားဖျန်းရင် မထိရောက်ဘူး၊ ဥမြုံလေးတွေ၊ အကောင်ငယ်လေးတွေစပေါက်တဲ့အချိန်မှာ ဆေးဖျန်းရင် အထဲမဝင်ခင် သေသွားနိုင်မယ်၊ ထုတ်ပြန်ပေးထားတဲ့ ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်ရင် ပိုပြီးထိရောက်တယ်" ဟု သီးနှံကာကွယ်ရေးဌာနခွဲ ဇီဝနည်းဖြင့် ပိုးမွှားနှိမ်နင်းခြင်းဌာနစုမှ ဦးစီးအရာရှိ ဒေါ်နီနီထိန်က ပြောသည်။

သို့အတွက် FAW ငြှောင်တောင်ပိုး ကျရောက်မှုမရှိစေရန် တောင်သူဦးကြီးများအနေဖြင့် စိုက်ခင်းပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ရှင်းလင်းခြင်း၊ သက်တမ်းတူသောမျိုးများကို စိုက်ချိန်တစ်ပြိုင်နက်တည်း စိုက်ပျိုးခြင်း၊ ဥမြုံများ၊ လောက်ကောင်များကို တွေ့လျှင်တွေ့ချင်း လူထုအင်အားဖြင့် ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးယဉ်ပါးမှုမဖြစ်စေရန် ပိုးသတ်ဆေးများအားအညွှန်းပါအတိုင်း ဆေးနှုန်းပြည့်မီစွာပက်ဖျန်းရန်နှင့် မတူညီသောဆေးအုပ်စုများကို သုံးစွဲခြင်း၊ လောက်ကောင်များခြောက်၍ သေစေရန် ပင်စည်ကိုဝိုင်း၍ ထွက်သည့် အရွက်များတွင် ပြာမှုန့်၊ သဲမှုန့်နှင့် လွှစာမှုန့်များ၊ ထုံး၊ ဆား၊ ဆပ်ပြာမှုန့်များ ထည့်သွင်းခြင်းများ ပြုလုပ်ပေးသင့်ကြောင်း၊ မီးထောင်ချောက်များ အသုံးပြု၍ အကောင်ကြီးများကို ဖမ်းယူဖျက်ဆီးခြင်း၊ သဘာဝပိုးသတ်ဆေး သို့မဟုတ် တမာ၊ ငရုတ်၊ ဆေးရွက်ကြီးစသော ပိုးပြေးဆေးများကို ပက်ဖျန်းသင့်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ တောင်သူများကို အသိပေးနှိုးဆော်ထားသည်။


ပြောင်းသီးနှံစိုက်ခင်းများသို့ FAW ငြှောင်တောင်ပိုးကျရောက်သည့်အခါ တွေ့ရသည့် ထူးခြားသော ဝိသေသလက္ခဏာများမှာ ပြောင်းပင်အရွက်များ စုတ်ပြဲနေခြင်း၊ အရွက်များပေါ်တွင် မစင်များတွေ့ရခြင်း၊ ပိုးကောင်သည် အပင်ငယ်စဉ်မှ ဖူးပွင့်ချိန်အထိ အရွက်အဝိုက်အတွင်း ဝင်ရောက်စားသောက်သည့်အတွက် အပင်ငယ်စဉ်တွင် ဆိုးရွားစွာ ကျရောက်ပါက ခေါင်ညွှန့်သေခြင်း စသည်တို့ တွေ့ရပါက စိုက်ပျိုးရေးဦးစီးဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်ဖြစ်သည်။

"ဒီလို လက္ခဏာတွေတွေ့တာနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စိုက်ပျိုးရေးဌာနက သီးနှံကာကွယ်ရေး တာဝန်ခံတွေဆီကို ဖုန်း၊ viber တွေကနေ တစ်ဆင့် အချိန်နဲ့တစ်ပြေးညီ ဓာတ်ပုံရိုက်ပြီး ပို့ပေးဖို့ တောင်သူတွေကို ဆက်သွယ်ရမယ့် သူတွေရဲ့ဖုန်းနံပါတ်တွေကို ပေးထားပါတယ်။ FAW ဟုတ်တယ်ဆိုတာနဲ့ ကျွန်မတို့ လိုအပ်တာတွေ ချက်ချင်းကွင်းဆင်းလုပ်ဆောင်နေပါတယ်" ဟု သီးနှံ ကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) ပိုးမွှားဗေဒဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နီနီဆိုင်က ပြောသည်။

သို့ပါ၍ တောင်သူဦးကြီးများအနေဖြင့်လည်း



FAW ငြှောင်တောင်ပိုး ဝင်ရောက်ဖျက်ဆီးထားသည့် ပြောင်းပင်ကို တွေ့ရစဉ်။



လောက်ကောင်



အကောင်ကြီး

FAW ငြှောင်တောင်ပိုး မကျရောက်သေးသည့် အခြားစိုက်ခင်းသစ်များသို့ မကူးစက်စေရန် မိမိတို့၏ စိုက်ခင်းများအား အမြဲမပြတ်စောင့်ကြည့်၍ ဂရုပြုကာကွယ်ခြင်း၊ ဖျက်ပိုးကျရောက်နေမှုအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပြောင်းသီးနှံတစ်မျိုးတည်း ဆက်တိုက် စိုက်ပျိုးခြင်းအား ရှောင်ကြဉ်ပြီး မိမိဒေသနှင့် ကိုက်ညီသော အခြားသီးနှံများကို တစ်လှည့်စီစိုက်ပျိုးသင့်ကြောင်း၊ ပြောင်းသီးနှံကို ပဲသီးနှံတစ်မျိုးမျိုးနှင့် ကြားညှပ်စိုက်ပျိုးသင့်ကြောင်း ဦးစီးအရာရှိ ဒေါ်နီနီထိန်က အကြံပြုသည်။

### ပါဝင်ကူညီလျက်ရှိ

ယခုဖြစ်ပေါ်နေသည့် FAW ငြှောင်တောင်ပိုးကို ထိရောက်စွာ မနှိမ်နင်းနိုင်ပါက နိုင်ငံ၏ ပြောင်းအထွက် ၄၀ ရာခိုင်နှုန်းကို ပျက်စီးဆုံးရှုံးနိုင်သည့်အတွက် အဆိုပါ FAW ငြှောင်တောင်ပိုးကို နှိမ်နင်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန တစ်ခုတည်းမဟုတ်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေး ပညာရှင်များနှင့်အတူ ဆေးကုမ္ပဏီများက ဆေးများ လှူဒါန်းခြင်း၊ အချို့ကုမ္ပဏီများက ဆေးဖျန်းပုံးများ လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

FAW ငြှောင်တောင်ပိုးကျရောက် ဖျက်ဆီးသည့် ပြောင်းခင်းများသည် အဆိုပါ ပိုးကောင်၏ စားသောက်မှုကြောင့် အသီးအနှံများပျက်စီးခြင်း၊ အထွက်နှုန်းကျခြင်း၊ ထွက်ရှိသည့် သီးနှံများမှာလည်း အရည်အသွေးမမီခြင်းတို့ကြောင့် ကြီးမားသော ငွေကြေးဆုံးရှုံးမှုများကို တောင်သူဦးကြီးများမလွဲမသွေ ကြုံတွေ့ခံစားရမည်ဖြစ်သည်။

လက်ရှိတွင် FAW ငြှောင်တောင်ပိုး အန္တရာယ်ကို ကိုယ်တိုင်ခံစားနေရသည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့က ပြောင်းစိုက်တောင်သူဦးကြီး ဦးညဏ်ထွန်းက "တစ်ဧကကိုအရင်းတင် လေးသိန်းခွဲ လောက်ရှိတယ်၊ နောက်ထပ်ကုန်စရာလည်း မရှိတော့ဘူး၊ စိုက်ပျိုးရေးဦးစီးဌာနက ဆေးအခမဲ့ လာဖျန်းပေးနေပေမယ့် ဆေးများနောက်ထပ်မရရင်တော့ဆိုတဲ့စိတ်နဲ့ တောင်သူတွေအားလုံးအတွက် ပူပန်နေရတယ်" ဟု ဆိုလေသည်။ ။

# အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးအတွက် စာရေးဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ကြားပြီးအကြံပြုဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၇**
"အောင်ဆန်း" ရုပ်ရှင်ရိုက်ကူးရေးအတွက် စာရေးဆရာကြီး၊ ဆရာမကြီးများနှင့် အကြံပြု ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး -၂ ဦးလူမင်းက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒါရိုက်တာပန်းချီစိုးမိုးက အောင်ဆန်းရုပ်ရှင်တွင် ပါဝင်သည့် ဇာတ်ကောင်များ၏ စရိုက်လက္ခဏာများနှင့် စပ်လျဉ်း၍ ဆရာကြီး၊ ဆရာမကြီးများက အကြံပြု ဆွေးနွေးပေးပါရန် ပြောကြားသည်။

ဆွေးနွေးပွဲသို့ ဆရာကြီးဒေါက်တာ သန်းဦး၊ ဂုဏ်ထူး ဦးသိန်းနိုင်၊ အထောက်တော် စိန်ထွန်းအောင်၊ ဆရာချစ်စံဝင်း၊ တက္ကသိုလ်လုကြွယ်၊ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)၊ ဒေါ်ကြည်ကြည်လှ (ကြည်ကြည်လှ)၊ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒေါက်တာရီရီလှ( ယုဝတီခင်ဦး)၊ ဒေါက်တာ တင်အောင်အေး၊ တက္ကသိုလ်စိန်တင်၊ ဦးမောင်မောင်စိုးတင့်၊ ဦးဝင်းငြိမ်း၊ ဦးမြတ်ခိုင်၊ မြန်မာနိုင်ငံစာရေး ဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းအေးတို့တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်း၏ စရိုက်လက္ခဏာ၊ စိတ်ဓာတ်၊ စိတ်နေစိတ်ထား၊ အပြောအဆို၊ အမူအရာ၊အနေအထိုင်၊ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် စကားများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်နွယ်သူများ၏ စရိုက်လက္ခဏာများ၊ စိတ်နေစိတ်ထား၊ ဝတ်စားဆင်ယင်မှုများ စသည်တို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။



စာရေးဆရာတက္ကသိုလ်စိန်တင်က "ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားက မရိုက်မဖြစ် ဇာတ်ကားပါ၊ အသက်ပေးပြီး မြန်မာ့လွတ်လပ်ရေးကိုရအောင်ယူပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားတစ်ကားရှိကိုရှိရမယ်၊မရှိလို့မဖြစ်ပါဘူး၊နောင်လာနောက်သားတွေအတွက် နယ်ချဲ့ကို တိုက်ခဲ့တဲ့ ဗိုလ်ချုပ်ကိုပြချင်တယ်၊ ဗိုလ်ချုပ်အောင်ဆန်း ပြောသွားတဲ့ စကားတွေ ဇာတ်ကားရိုက်တဲ့အခါမှာ မပါမှာစိုးလို့ ဆွေးနွေးခဲ့တယ်၊ ပြည်သူတွေမျှော်လင့်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ကြီးက မကြာခင် အကောင်အထည်ပေါ်လာပါတော့မယ်"ဟု ပြောသည်။

ဆရာကြီးဒေါက်တာ သန်းဦးက "၁၉၄၆-၄၇ တုန်းက ဆရာကြီးက ကျောင်းသား သမဂ္ဂဥက္ကဋ္ဌ လွတ်လပ်ရေးကြိုးပမ်းနေတဲ့ကာလ ဗိုလ်ချုပ်ကတရားလာဟောတဲ့အချိန် ကိုယ်တိုင်မြင်တွေ့ခဲ့ရတယ်၊ ပြောတဲ့ စကားတွေလည်း ကိုယ်တိုင်ကြားခဲ့ရတယ်၊ မှတ်သားခဲ့ရတော့ စိတ်ထဲမှာ အင်မတန်ကြည်နူးခဲ့ရတယ်။ ဗိုလ်ချုပ်က ဖြောင့်မတ်တယ်၊ ရိုးရှင်းတယ်၊ ဖြူစင်တယ်၊ ဟန်ကြီးပန်ကြီးမရှိဘူး၊ သူ့ရုပ်ရှင်ကိုရိုက်တဲ့အခါမှာ ကြည့်မယ့်ကလေးတွေက နောင်လာနောက်သားတွေဖြစ်တယ်။ ဗိုလ်ချုပ်ရဲ့စရိုက်လက္ခဏာကို ပေါ်အောင်ပြနိုင်ဖို့လိုတယ်။ အတုမြင် အတတ်သင် ဆိုသလို ကလေးတွေ အတုယူစေချင်တယ်။ လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ပေးသွားတဲ့ ဗိုလ်ချုပ်လို ကျန်တဲ့သူတွေကလည်း လွတ်လပ်ရေးကို အသက်နဲ့လဲပြီးထိန်းမယ်ဆိုတဲ့စိတ်မျိုးပေါ်လာစေချင်တယ်။ အဲဒါကိုပေါ်လာအောင် ဒီရုပ်ရှင်က message ပေးသွားနိုင်ဖို့ မျှော်လင့်တယ်။ ဗိုလ်ချုပ်ပြောသွားတဲ့ "ပန်းတိုင်ကို မျက်ခြည်မပြတ်နဲ့"ဆိုတဲ့ စကားက သမိုင်းတစ်ခုလုံး၊ သူပြောသွားတဲ့ မိန့်ခွန်းတစ်ခုလုံးရဲ့ အနှစ်ချုပ်လို့ပြောလို့ရတယ်"ဟုပြောသည်။

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီးဒေါ်ခင်ကြည်က ရိုးသားဖြူစင်တယ်၊ သူများကိုလည်း ကူညီတတ်တယ်၊ရိုးသားစွာ ဝတ်ဆင်တယ်၊ စနစ်တကျသုံး စွဲတယ်၊ သည်းခံနိုင်တဲ့ စိတ်လည်းရှိတယ်" ဟု ဒေါ်ခင်ကြည်၏ စိတ်နေစိတ်ထားနှင့် ပတ်သက်ပြီး ဆရာမကြီး ဒေါ်ကြွယ်ကြွယ်က ပြောသည်။

**သတင်း-ရီရီမြင့်**
**ဓာတ်ပုံ-ရဲထွဋ်**



# သမဝါယမတက္ကသိုလ်(သန်လျင်)ဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမတက္ကသိုလ်(သန်လျင်)၏ ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဒေါက်တာ ရီရီဝင်းက နိုင်ငံတော်နှင့်ပြည်သူများ၏ လိုအပ်ချက်များကို မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှစိတ်ရောကိုယ်ပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မျိုးဆက်သစ် သမဝါယမလူငယ်ခေါင်းဆောင်ကောင်းများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်ကြီးများ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယနေ့အခမ်းအနားတွင် စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့ ၂၀ ဦး၊ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ လေးဦး၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ ၁၅ ဦး၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာမဟာဘွဲ့လေးဦး၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ လေးဦး၊စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေး ပညာဘွဲ့လွန်ဒီပလိုမာနှစ်ဦး၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ ဘွဲ့လွန်ဒီပလိုမာ သုံးဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ)၁၀၁ဦး၊ စီးပွားရေးသိပ္ပံဘွဲ့(အသုံးချစာရင်းအင်းပညာ)၈၅ဦး၊ စီးပွားရေးသိပ္ပံဘွဲ့(ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ) ၁၀၆ ဦး၊စီးပွားရေးသိပ္ပံဘွဲ့(ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) ၇၃ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ) ၇၄ ဦးနှင့် စီးပွားရေးသိပ္ပံဘွဲ့ ၅၇ ဦးကို ဘွဲ့များအပ်နှင်းခဲ့သည်။

**သတင်းစဉ်**

# လန်ချန်း- မဲခေါင် နိုင်ငံခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ မန္တလေးမြို့သို့ရောက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၇**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Lancang – Mekong Cultural Exchange Youth Camp သို့ တက်ရောက်ရန်အတွက် လန်ချန်း - မဲခေါင် ဒေသရှိ အဖွဲ့ဝင် ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များသည် ယနေ့တွင် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

### ဆွေးနွေးကြမည်

အဆိုပါ တွေ့ဆုံပွဲကို မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်၌ ဇန်နဝါရီ ၂၇ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လန်ချန်း- မဲခေါင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အနုပညာရှင် လူငယ် ၂၉ ဦး တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအလိုက် စာတမ်းများဖတ်ကြားခြင်း၊ ဒေသထွက် ရိုးရာလက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်းနှင့် အနုပညာဖျော်ဖြေတင်ဆက်ပွဲများကိုလည်း တွေ့ဆုံပွဲအတွင်း ထည့်သွင်းပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

### လေ့လာကြည့်ရှု

အဆိုပါ လူငယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ပြီး မျက်ပါးရပ် ရွှေဆိုင်းခတ်လုပ်ငန်း၊ တပ္ပဝတီရပ်ရှိ မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများ၊ ကြေးသွန်းလုပ်ငန်းများနှင့် တောင်သမန်အင်းရှိ ဦးပိန်တံတားသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**




# ရန်ကုန်မြို့နှင့်ပုသိမ်မြို့တို့ရှိ ရင်ခေါင်းနှင့်အဆုတ် အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသပေး

**ကျောင်းကုန်း ဇန်နဝါရီ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ရန်ကုန်မြို့နှင့်ပုသိမ်မြို့တို့မှ ရင်ခေါင်းနှင့်အဆုတ် အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသခြင်းကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စမ်းသပ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ရင်ခေါင်းနှင့်အဆုတ်ရောဂါလက္ခဏာများ ခံစားနေရသူ ၅၆၇ ဦးအား အခမဲ့စမ်းသပ်ရှာဖွေ၍ ဆေးကုသပေးကာ ကျန်းမာရေးပညာပေး ဟောပြောဆွေးနွေးခဲ့ကြသည်။

ရောဂါဝေဒနာရှင်များအတွက် ထမင်းဘူးနှင့်ရေဘူးများကို အလှူရှင်များက စုပေါင်း လှူဒါန်းပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ကြက်ခြေနီ သူနာပြုအဖွဲ့၊လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# ရွှေလီမြစ် ရေစီးကြမ်းလာမှုကြောင့် ကမ်းပါးပြို၍ ပတ်ဝန်းကျင်ရှိ ကျေးရွာနှင့် စေတီများထိခိုက်မည်ကို စိုးရိမ်နေကြ



**ကသာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးရှိ ပိန်းတောကျေးရွာအနီး ပေါင်းဆုံသော ရွှေလီမြစ် ရေစီးကြောင်း ပြောင်းလဲကာ ရေစီးကြမ်းလာပြီး ပေ ၂၀၀၀ ကျော်ခန့် ကမ်းပါးပြိုကျပျက်စီး၍ ကျေးရွာနှင့် စေတီပုထိုးများ ထိခိုက်မည်ကို စိုးရိမ်နေကြကြောင်း ဒေသခံများထံမှ သိရသည်။

ကသာမြို့နယ်မှ ဖြတ်၍စီးဆင်းနေသော ဧရာဝတီမြစ်နှင့် ရှမ်းပြည်မြောက်ပိုင်းမှ စီးဆင်းလာသည့် ရွှေလီမြစ်တို့ ရေစီးကြောင်း ပေါင်းဆုံရာမြစ်ကမ်းအနီးရှိ ပိန်းတောကျေးရွာတွင် သီးနှံမြေပဲစိုက်ပျိုးခင်း လေးဧကေ ကမ်းပြိုပျက်စီးသွားသဖြင့် ဇန်နဝါရီ ၂၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ကသာမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်၊ ကသာမြို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

"ရွှေလီမြစ် ရေစီးလမ်းကြောင်း ပြောင်းလဲလာရာ ပိန်းတောကျေးရွာဒေသခံများစုပေါင်းပြီး ပြုလုပ်ထားတဲ့ အုန်းတုံး/အင်ပို ရေကာလုပ်ထားတာတွေ ပျက်စီးသွားပြီး ယခုနှစ် မြေပဲ၊ စပါးစိုက်တဲ့ လေး၊ ငါးဧကလောက် ကမ်းပါးပြိုကျသွားခဲ့တယ်။ ပိန်းတောကျေးရွာ ဘုန်းကြီးကျောင်းရှိ စေတီပုထိုးတည်ရှိရာ အတောင် ၂၀၀ လောက်ထိ နီးကပ်လာပြီး ယခု မြေသားပေ ၂၀၀၀ ကျော်လောက် ရေတိုက်စားခဲ့မှုကြောင့် ဒေသခံတွေ စိုးရိမ်နေကြတယ်။ ထပ်မံပြိုကျမှုမရှိအောင် မြေထိန်းနံရံ တည်ဆောက်ပေးဖို့ လိုလားနေကြတယ်"ဟု အင်းရွာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြသိန်းက ပြောသည်။

ကသာမြို့နယ် ပိန်းတောကျေးရွာကမ်းပြို ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ် သန်း၂၅၀ ကို လျင်မြန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းမြင့်က ပြောကြားသည်။

**ငွေအိုး (ကသာ)**



# တောင်နဝင်းရေလှောင်တမံမှ နွေစပါးဧက ၇၆၀၀ ကျော် ရေပေးဝေလျက်ရှိ

**ပေါက်ခေါင်း ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ်နွေစပါး စိုက်ရာသီတွင် နွေစပါးစိုက် ဧက ၇၆၀၀ ကျော်ကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ကာ တောင်နဝင်းရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းစိုးထံမှ သိရသည်။

အဆိုပါ ရေလှောင်တမံမှ ၂၀၁၈-၂၀၁၉ မိုးစပါး စိုက်ရာသီတွင် မိုးစပါး ၁၁၀၉၉ ဧကကိုလည်း ဖြည့်စွက်ရေ၊ အောင်ရေပေးဝေနိုင်ခဲ့ပြီး ရေလှောင်တမံအတွင်း ရေပမာဏ ဧကပေ ၂၂၅၀၀၀ သိုလှောင်ထားရှိကြောင်း သိရသည်။

သီးနှံများအတွက် ဆည်ရေသောက်စနစ်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ တရားဝင်ဖွံ့ဖြိုးရေးချေးငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ အဆင့်မြှင့်တင် ပြုပြင်လျက်ရှိရာ စီမံကိန်း နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ရေလှောင်တမံ၏ ရေသောက်စနစ်များ အားလုံးပြီးစီးသွားပါက နှစ်စဉ်မိုးစပါးဧက ၇၀၀၀၀ ကျော်အား ဖြည့်စွက်ရေ၊ အောင်ရေများ ပေးဝေနိုင်မည်ဖြစ်ပြီး နွေစပါးဧက ၃၀၀၀၀ ကျော်ကိုလည်း လျာထားစိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ကောင်းဆက်**

# ဟိုပုံး၊ ပင်လောင်း၊ ငဖဲနှင့် မင်းတုန်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဟိုပုံးမြို့နယ် ငိုချီးကျေးရွာတောင်ဘက် ခုနစ်ဖာလုံခန့်အကွာ၌ ဘိန်းစိုက်ခင်း ၂၇ ဧကအား ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက် ၉ နာရီခွဲက ဖျက်ဆီးခဲ့ကြောင်း သိရ သည်။

အလားတူ ပင်လောင်းမြို့နယ် ဝါးပြုံးကျေးရွာ၌ ဘိန်းစိုက်ခင်း ကိုးဧကခန့်၊ ငဖဲမြို့နယ် အောက်ဆင်လမ်းကျေးရွာ၌ ဘိန်းစိုက်ခင်းနှစ်ဧကခန့်၊ မင်းတုန်းမြို့နယ် တိုင်တမော့ ရေစမ်းအနီး တောအတွင်း၌ ဘိန်းစိုက်ခင်း ခြောက်ဧကခန့်တို့အား ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

● စာမျက်နှာ ၆ မှ

သို့ရာတွင် ငါးပိရည်တွင် အငန်ဓာတ်လျှော့နည်းသွားရန် ငါးကင်၊ မီးဖုတ်ထားသော ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်းတို့နှင့် ရောနှော၍ ပြုပြင်တတ်သော အိမ်ရှင်မများ၏ အစွမ်းသည် အာဟာရရှုထောင့်မှကြည့်လျှင် တန်ဖိုးရှိလှသည်။

**အစားမတော်လျှင် တစ်လုတ်**

အစားမတော်လျှင် တစ်လုတ်စာနှင့် မမျှအောင်ခံစားရနိုင်သည်။ လျှာပေါ်တွင် ခံစားရသော အရသာသည် မိနစ်ပိုင်းမျှသာ ရှည်ကြာသော်လည်း ခန္ဓာကိုယ်ပေါ်တွင် ကျရောက်မည့်ဝေဒနာသည် တစ်သက်တာ ရှည်ကြာသွားနိုင်သည်။

အချိုစာများနှင့် အချိုရည်အမျိုးမျိုး၊ ကော်ဖီမစ်၊ တီးမစ်အမျိုးမျိုးတို့သည် အင်အားဓာတ်ပါဝင်မှုများပြီး အခြား အာဟာရတန်ဖိုး အလွန်နည်းစွာ ပါဝင်သည်။ ခန္ဓာ ကိုယ်အလေးချိန်ကို လျင်မြန်စွာ တက်လာစေပြီး သွေးထဲရှိ အဆီ (triglycerides) ကိုလည်း များလာစေသည်။

အင်အားဓာတ်များ စားသုံးနေခြင်း အခြေအနေကို ညွှန်ပြနေသော ကိန်းဂဏန်းမှာ ခန္ဓာကိုယ်အလေးချိန် ဖြစ်သည်။ ရှိသင့်သော ခန္ဓာကိုယ်အလေးချိန်ထက် နည်းနေခြင်း၊ များနေခြင်းသည် စားသုံးနေသော ကယ်လိုရီများ ချို့တဲ့နေခြင်း၊ ပိုလျှံနေခြင်းကို ဖော်ပြနေသည်။ ရှိသင့်သော ခန္ဓာကိုယ်အလေးချိန်ကို ခန္ဓာကိုယ်ဒြပ်ထုညွှန်းကိန်း (Body Mass Index) ဖြင့် တိုင်းတာသည်။ ခန္ဓာကိုယ်အလေးချိန်(ကီလိုဂရမ်)ကို အရပ်(မီတာ) နှစ်ထပ်ကိန်းနှင့် စား၍ရသော ကိန်းဂဏန်း ဖြစ်သည်။ ကျန်းမာသော ကိုယ်အလေးချိန်မှာ ၁၈ ဒသမ ၅ မှ ၂၄ ဒသမ ၉ အတွင်း ရှိသည်။ ၁၈ ဒသမ ၅ ထက် လျော့နည်းလျှင် ပိန်နေသူဖြစ်ပြီး ၂၅ မှ ၃၀ ရှိလျှင် ဝနေသူများနှင့် ၃၀ အထက်သည် အဝလွန်နေသူများ ဖြစ်ကြသည်။

သတိပြုရန်မှာ ခန္ဓာကိုယ်အတွင်းမှ ပိုလျှံနေသော ကယ်လိုရီများကို ထုတ်ပစ်နိုင်သော နည်းလမ်းသည် ကိုယ်လက်လှုပ်ရှားမှုမှလွဲ၍ မရှိနိုင်သလို ခန္ဓာကိုယ်အတွင်းသို့ ကယ်လိုရီများ ဝင်ရောက်လာနိုင်သော လမ်းကြောင်းမှာလည်း ခံတွင်းပေါက်မှလွဲ၍ မရှိနိုင်ဟူသော အချက်ဖြစ်သည်။ မုန့်ဟင်းခါးတစ်ပွဲမှ ၂၆၉ ကယ်လိုရီရရှိပြီး တစ်နာရီ လေးမိုင်နှုန်းနှင့် လမ်းလျှောက်ခြင်းသည် (ကိုယ်အလေးချိန် ၆၀ ကီလိုဂရမ်ရှိသူအတွက်) ၁၈၆ ကယ်လိုရီ ထုတ်ပစ်နိုင်သည်။

ဆီများသည် ဟင်းလျာ၏ အရသာကို ပေးစွမ်းနိုင်သဖြင့် မြန်မာဟင်းလျာများတွင် ဆီကိုလိုသည်ထက် ပိုထည့်လေ့ရှိသည်။ လူကြီးတစ်ဦးလျှင် တစ်နေ့စာအတွက် ဆီ တစ်ကျပ်ခွဲသားမှ နှစ်ကျပ်သားထက် မပိုသင့်ချေ။ တိရစ္ဆာန်မှ ရသောဆီ (အမဲဆီ၊ ဝက်ဆီ၊ ဆိတ်ဆီ၊ ကြက်၊ ငှက်အရေခွံများ၊ အုန်းဆီနှင့် စားအုန်းဆီ)တို့သည် သွေးထဲတွင် ကိုလက်စ်ထရောလ် (cholesterol) ကို များစေပြီး သွေးကြောများကို ပိတ်စေသည်။ (ဝက်ဆီသည် ကိုလက်စ်ထရောလ်ပါဝင်မှု အများဆုံး ဖြစ်သည်)။ ထိုဆီများကိုရှောင်ရှားရမည် ဖြစ်သည်။ သီးနှံများမှရသော ဆီများ (နေကြာဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ ပြောင်းဖူးဆီနှင့် သံလွင်ဆီ) တို့တွင် ကိုလက်စ်ထရောလ် လုံးဝပါဝင်ခြင်း မရှိသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော ဆီများဖြစ်သည်။

အဆိုးရွားဆုံးနှင့် ကျန်းမာရေးထိခိုက်မှု အရှိဆုံး ဆီသည် ပြောင်းလဲဆီ (သို့မဟုတ်) ပြန်ကြော်ဆီများ ဖြစ်သည်။ ဆီအနည်းငယ်သုံး၍ မီးဖုတ်ထားသော အစားများ (ကိတ်မုန့်၊ ဘီစကွတ် စသည်)၊ အပူရှိန်ပြင်းပြင်းနှင့် အချိန်ကြာကြာ ကြော်ထားသောအစားများ (ကြက်ကြော်၊ အီကြာကွေး၊ အာလူးကြော်၊ ဆီကြော်မုန့် စသည်) တို့တွင် ပါဝင်သည်။ ပြောင်းလဲဆီများသည် သွေးထဲတွင် cholesterol နှင့် triglycerides တို့ကို ဆိုးရွားစွာ မြင့်တက်စေသောကြောင့် ထိုဆီများကို ရှောင်ကြဉ်သင့်သည်။

ဆီစားသုံးနေမှု အနည်း၊ အများကို သွေးထဲရှိ ကိုလက်စ်ထရောလ်ကို တိုင်းတာ၍ သိရှိနိုင်သည်။ သွေးထဲတွင် ကိုလက်စ်ထရောလ်များနေလျှင် ဆီလျှော့စားရတော့မည် ဖြစ်သည်။

တစ်နေ့တာ စားသင့်သော အသားပမာဏမှာ အသား ငါးကျပ်သား (သို့) ငါး ခုနစ်ကျပ်ခွဲသား (သို့) ပဲ ခြောက်ကျပ်သား (သို့) ဥ နှစ်လုံး ဖြစ်သည်။ အသားဓာတ်ကို ရရှိစေသော အစားများတွင် ကြက်ဥ၊ ဘဲဥသည် အမိုင်နိုအက်ဆစ်များ ပြည့်စုံစွာ ပါဝင်မှုကြောင့်လည်းကောင်း၊ ဗီတာမင်အေ၊ ဗီတာမင်ဘီနှင့် ဦးနှောက်ဖွံ့ဖြိုးရန်အတွက် လိုအပ်သော ကိုလင်းဓာတ်တို့ ကြွယ်ဝမှုကြောင့်လည်းကောင်း ငွေကြေးတန်ဖိုးမကြီးဘဲ အာဟာရတန်ဖိုးကြီးမားသော အစားအစာ တစ်ခုဖြစ်သည်။ တစ်နေ့တစ်လုံး ပုံမှန်စားသင့်သည်။

သက်သတ်လွတ် စားသောသူများသည် အမိုင်နိုအက်စစ်များ ပြည့်စုံစွာရရှိရန် တစ်နေ့လျှင် ပဲအမျိုးမျိုးကို နှစ်မျိုး၊ သုံးမျိုး ပေါင်းစပ်၍ စားသင့်သည်။ ဗီတာမင် B12 နှင့် သံဓာတ်တို့ ချို့တဲ့လွယ်၍ ဖြည့်စွက်စားသင့်သည်။

ကြီးထွားနေသော ငါးနှစ်အောက်အရွယ် ကလေးများ၏ အသားဓာတ်အပါအဝင် အာဟာရပြည့်ဝစွာ ရရှိမှု အခြေအနေကို ကိုယ်အလေးချိန် တိုးတက်မှုကို ဖော်ပြနေသော အသက်ငါးနှစ်အောက် ကလေးကြီးထွားဖွံ့ဖြိုးမှုမှတ်တမ်းဖြင့် ဂရုစိုက်စောင့်ကြပ်ကြည့်ရှုနိုင်သည်။

**မျှဝေလိုသော အဓိကအချက်**

အာဟာရပြည့်ဝသော အစားအသောက်သည် ကျန်းမာစွာနှင့် အသက်ရှည်စွာနေနိုင်ခြင်း၏ အကြောင်းတစ်ရပ် ဖြစ်သည်။

အာဟာရပြည့်ဝစွာ စားသောက်ခြင်း၏ လျှို့ဝှက်ချက်မှာ တစ်နေ့စာတွင် အစာအုပ်စုအားလုံးပါဝင်ပြီး ဖြစ်နိုင်သမျှ အမျိုးစုံလင်စွာ၊ အရောင်အသွေး စုံလင်စွာ ပြင်ဆင် ချက်ပြုတ်စားသောက်ရန် ဖြစ်သည်။

အိမ်ရှင်မများ၏ ဟင်းလျာများကို ဖွယ်ဖွယ်ရာရာ စီမံတတ်သောအစွမ်းသည် အာဟာရပြည့်ဝစွာ စားသောက် နိုင်ရေးအတွက် အထောက်အကူပြုနေသော မြန်မာတို့၏ ဓလေ့စရိုက်တစ်ခုဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**ကျမ်းကိုးစာရင်း**

၁။ World Health Organization. Fact sheets. Malnutrition. 16 February 2018

၂။ National Plan of Action for Food and Nutrition. Myanmar. 2011-2015

၃။ Parents don't promote healthy eating habits. Voxitatis Blog.

၄။ မြန်မာတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ စားသောက်နည်း လမ်းညွှန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၆။

၅။ အခြေခံ ကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရလက်စွဲ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ၂၀၁၃ ခုနှစ်။

၆။ LEARN Project Myanmar. Facilitator's Guide for Community Nutrition Education.2014.

၇။ ငါးပိ။ မြန်မာ့စွယ်စုံကျမ်း အတွဲ ၃(က)။

၈။ Mc ARDLE, W.D et al (2000). Energy expenditure at rest and during physical activity. In: W.D. et al, 2nd ed. Essentials of Exercise Physiology.USA: Lippincott Williams and Wilkins.

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဗုံးနှစ်လုံးပေါက်ကွဲ၊ ၁၉ ဦးသေဆုံး

**မနီလာ ဇန်နဝါရီ ၂၇**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း၌ ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၁၉ ဦးသေဆုံးခဲ့ပြီး ၈၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံ၏ တောင်ဘက်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထူထောင်ရန် နိုင်ငံအတွင်းရှိ မွတ်စလင်များက ထောက်ခံမဲပေးခဲ့ပြီးနောက် ရက်သတ္တပတ်ခန့် အကြာတွင် အဆိုပါအကြမ်းဖက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီဝန်းကျင်တွင် ဂျိုလိုကျွန်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း၌ ခရစ်ယာန်ဘာသာဝင်များ စုဝေးရောက်ရှိစဉ် ပထမဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး အခင်းဖြစ်ပွားရာနေရာသို့ လုံခြုံရေးအရာရှိများ စစ်ဆေးမှုများလုပ်ဆောင်ရန် ရောက်ရှိလာစဉ် ခရစ်ယာန်ဘုရားကျောင်း၏ ယာဉ်ရပ်နားရာနေရာတွင် ရပ်နားထားသော မော်တော်ဆိုင်ကယ်တစ်စီး၏ ပစ္စည်းထည့်သေတ္တာအတွင်းမှ နောက်ထပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူများအနက် တပ်မတော်သားငါးဦး၊ ကမ်းခြေစောင့်တပ်ဖွဲ့ဝင် တစ်ဦးနှင့် အရပ်သား ၁၂ ဦးတို့ ပါဝင်သည်ဟု ဒုတိယဗိုလ်မှူးကြီး ဂျာရီ ဘီဆာနားက ဆိုသည်။

ယင်းအကြမ်းဖက်မှု၏ နောက်ကွယ်တွင် ပြန်ပေးဆွဲငွေတောင်းခံမှုများဖြင့် ကျော်ကြားသော အဘူဆေရာ့ဖ်အဖွဲ့ရှိကြောင်း အာဏာပိုင်များက ဆိုသည်။

ဂျိုလိုကျွန်းသည် အဘူဆေရာ့ဖ်ဦးဆောင်သည့် အကြမ်းဖက်အဖွဲ့ အခြေစိုက်သည့် ဒေသဖြစ်သည်။ ၂၀၁၄ ခုနှစ်က လူပေါင်း ၁၁၆ ဦး သေဆုံးခဲ့သည့် မနီလာပင်လယ်အော်အတွင်း သင်္ဘောတစ်စင်းအား ဝင်ရောက်စီးနင်းခဲ့သည့်ဖြစ်စဉ်အပါအဝင် လူပေါင်းများစွာသေဆုံးခဲ့သော ဗုံးဖောက်ခွဲမှုများကို အဆိုပါအုပ်စုက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ ရှိကြောင်း အာဏာပိုင်များက ဆိုသည်။

ဂျိုလိုကျွန်းသည် ဆူလုစီရင်စုတွင်တည်ရှိပြီး ဆူလုစီရင်စုရှိ မွတ်စလင်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့အား ဆန့်ကျင်ကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုငါးခုအနက် အများစုက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့အား ထောက်ခံမည်ဆိုပါက အဆိုပါစီရင်စု ငါးခုစလုံးသည် အစိုးရအဖွဲ့၏ လက်အောက်တွင် ရှိရမည်ဖြစ်သည်ဟု ဥပဒေတွင်ထည့်သွင်းဖော်ပြထားသည်။

ဇန်နဝါရီ ၂၁ ရက်တွင် အများဆန္ဒခံယူရာတွင် စီရင်စုအများစုက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့အား ထောက်ခံခဲ့သည့်အတွက် ဆူလုစီရင်စုသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့၏ လက်အောက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ယခုဗုံးပေါက်ကွဲမှုသည် မွတ်စလင်စစ်သွေးကြွအဖွဲ့က သတိပေးခြိမ်းခြောက်သည့်အနေဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိသည်ဟု ရဲအရာရှိများက ထင်မြင်ယူဆကြသည်။



တပ်မတော်နှင့် ရဲအရာရှိများက အဆိုပါဗုံးပေါက်ကွဲမှုတွင် မွတ်စလင်စစ်သွေးကြွများ ပါဝင်ပတ်သက်မှုရှိ၊မရှိကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အေအက်ဖ်ပီ**

# ဖမ်းဆီးခံ ဘောလုံးသမားအား လွှတ်ပေးရန် နိုင်ငံတကာအိုလံပစ်ကော်မတီ တိုက်တွန်း

**မာနာမာ ဇန်နဝါရီ ၂၇**

ထိုင်းအာဏာပိုင်များက နှစ်လကြာ ဖမ်းဆီးထားသော ဘောလုံးကစားသမားတစ်ဦးအား ပြန်လည်လွှတ်ပေးရန် နိုင်ငံတကာ အိုလံပစ်ကော်မတီက ဇန်နဝါရီ ၂၆ ရက်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။




### စွပ်စွဲခံရ

အဆိုပါ ဘောလုံးကစားသမားသည် ဘာရိန်းနိုင်ငံ၏ အာရပ်နွေဦးတော်လှန်ရေးကာလအတွင်း တက်ကြွလှုပ်ရှားခဲ့သည်ဟု စွပ်စွဲခံထားရသည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဘာရိန်းနိုင်ငံ၏ အမျိုးသားလူငယ်ဘောလုံးအသင်း ကစားသမားတစ်ဦးဖြစ်ခဲ့သူ ဟာကင်းမ်အယ်လာ ရိန်းဘီသည် ဘာရိန်းနိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ နေရပ်စွန့် ထွက်ခွာခဲ့ပြီး နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့သည်။ ဩစတြေးလျအစိုးရအဖွဲ့က အယ်လာရိန်းဘီအား ခွင့်ပြုခဲ့ပြီးနောက် မဲဘုန်းမြို့တွင် ပရော်ဖက်ရှင်နယ် ဘောလုံးကစားသမားတစ်ဦး အဖြစ် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည်။

ကစားသမား အယ်လာရိန်းဘီသည် ထိုင်းနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်စဉ် သူ့အားနိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပို) က ဖမ်းဝရမ်း ထုတ်ထားခဲ့သောကြောင့် ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရကြောင်း သိရသည်။

ဩစတြေးလျအစိုးရ အဖွဲ့အပါအဝင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များနှင့် နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်တို့က ကစားသမား အယ်လာရိန်းဘီအား ပြန်လည်လွှတ်ပေးရန် ထိုင်းအစိုးရအား တောင်းဆိုထားကြောင်း သိရသည်။

ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတကာအိုလံပစ်ကော်မတီ ကလည်း အယ်လာ ရိန်းဘီအား ပြန်လည်လွှတ်ပေးရန် ထိုင်းအာဏာပိုင်များအား တောင်းဆိုခဲ့သည်။

### ကိုင်တွယ်ဖြေရှင်းပေး

ထိုင်းအစိုးရအဖွဲ့ အနေဖြင့် အယ်လာရိန်းဘီအား ဖမ်းဆီးထားမှုအပေါ် လူသားချင်းစာနာ ထောက်ထားသည့်အနေဖြင့် ကိုင်တွယ် ဖြေရှင်းပေးပါရန် တိုက်တွန်းထားကြောင်း နိုင်ငံတကာ အိုလံပစ် ကော်မတီ၏ ထုတ်ပြန်ချက်တွင်ပါရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ သောမက်စ်ဘက်ချ်က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မစ္စတာဖီးလစ်ပ်ပိုဂရန်ဒီနှင့်တွေ့ဆုံကာ အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

၂၀၁၂ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးတွင် ရဲစခန်းတစ်ခုကို မီးရှို့ဖျက်ဆီးရာတွင် ဆန္ဒထုတ်ဖော်သူများအား အကူအညီပေးခဲ့ခြင်းအတွက် ဘာရိန်းအာဏာပိုင်များက အယ်လာရိန်းဘီအား ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သို့သော် ဘောလုံးကစားသမား အယ်လာရိန်းဘီက အဆိုပါဖြစ်ရပ်ဖြစ်ပွားစဉ်တွင် သူသည် ဘောလုံးပွဲတစ်ပွဲတွင် ဝင်ရောက်ကစားနေခဲ့သည်ဟုဆိုကာ သူ့အားစွပ်စွဲမှုကို ငြင်းပယ်ခဲ့သည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ရာထူးမှ ရပ်ဆိုင်းခံရ

**အော့တဝါ ဇန်နဝါရီ ၂၇**

ဟွာဝေးကုမ္ပဏီ၏ ဘဏ္ဍာရေးအကြီးအကဲ မန်ဝမ်ကျိုအား လွှဲပြောင်းပေးခြင်းကိစ္စရပ်နှင့်ပတ်သက်ပြီး အငြင်းပွားဖွယ် မှတ်ချက်ပြုခဲ့ခြင်းအပေါ် ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရုဒေရှုးက တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ဂျွန်မက်စ်ကော်လမ်အား တာဝန်မှရပ်ဆိုင်းခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

### တရုတ်မီဒီယာများအား ပြန်လည်ပြောဆို


ဇန်နဝါရီ ၂၂ ရက်က တိုရန်တိုမြို့တွင် ကနေဒါသံအမတ်ကြီးက အမေရိကန်အစိုးရအဖွဲ့၏ တောင်းဆိုချက်အရ ဖမ်းဆီးထားသော မန်ဝမ်ကျိုနှင့်ပတ်သက်ပြီး လွှန်ခဲ့သောလက သမ္မတဒေါ်နယ်ထရန့် ပြောကြားခဲ့သည့် မှတ်ချက်များကို တရုတ်မီဒီယာများအား ပြန်လည်ပြောဆိုခဲ့ခြင်းကြောင့် ကနေဒါဝန်ကြီးချုပ်က သံအမတ်ကြီးအား တာဝန်မှ ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ကနေဒါသံအမတ်ကြီး မက်စ်ကော်လမ်က မန်ဝမ်ကျိုအား ဖမ်းဆီးခြင်းအပေါ် သမ္မတထရန့်၏ မှတ်ချက်ပြုစကားများသည် နိုင်ငံရေးအသွင်ဆောင်လျက်ရှိကြောင်းနှင့် မန်ဝမ်ကျိုအနေဖြင့် လွှဲပြောင်းခံရမည့် အခြေအနေအပေါ် လျှောက်လဲချက်များ တောင်းခံနိုင်သည်ဟု တရုတ်မီဒီယာများသို့ ပြောကြားခဲ့ကြောင်း သိရသည်။

### ဆက်ဆံရေးတင်းမာမည်ကို စိုးရိမ်

ကနေဒါဝန်ကြီးချုပ်အနေဖြင့် ကနေဒါသံအမတ်ကြီးအား တာဝန်မှ ရပ်ဆိုင်းခဲ့ခြင်းအပေါ် မည်သည့်ခိုင်လုံသော အကြောင်းပြချက်မျှ ပြခဲ့ခြင်းမရှိသော်လည်း ကနေဒါမီဒီယာက ကနေဒါအစိုးရသည် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိသည့်အတွက် ယင်းကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်သည်ဟု သတင်းရေးသားကြသည်။

**အင်န်အိတ်ချ်ကေ**



**တရုတ်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ဂျွန်မက်စ်ကော်လမ်**

# မွန်ဂိုလီးယားနိုင်ငံတွင် အသက်ရာကျော် အဘိုးအဘွား ၁၁၆ ဦးရှိ

**အူလန်ဘာတာ ဇန်နဝါရီ ၂၇**

မွန်ဂိုလီးယားနိုင်ငံတွင် အသက် ၁၀၀ နှင့်အထက် ဘိုးဘွားဦးရေ ၁၁၆ ဦးရှိပြီး ယင်းတို့အနက် အသက်အကြီးဆုံး အဘွားအိုတစ်ဦးမှာ ၁၁၂ နှစ် ဖြစ်ကြောင်း မွန်ဂိုလီးယားအမျိုးသားစာရင်းအင်းဆိုင်ရာရုံးက ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက မွန်ဂိုလီးယားနိုင်ငံ၌ အသက်ရာကျော်အရွယ်ရှိ အဘိုးအဘွားဦးရေမှာ ငါးဦးလျော့နည်းသွား ကြောင်း စာရင်းအင်းများဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၏လူဦးရေမှာ ၃ ဒသမ ၂ သန်းရှိပြီး အသက် ရာကျော်အဘွားဦးရေမှာ ၁၀၂ ဦးရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မကြာမီကျရောက်တော့မည့် မွန်ဂိုလီးယားနိုင်ငံ၏ နှစ်သစ်ကူးကာလအခမ်းအနားမတိုင်မီ သန်းခေါင်စာရင်းကောက်ယူမှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ လာမည့်နှစ်သစ်မှာ ဝက်နှစ်ဖြစ်ပြီး ဒေသတွင်းအခေါ်အဝေါ်အရ အဖြူရောင်လဖြစ်သည်။ နှစ်သစ်ကူးကာလမှာ ဆောင်းရာသီ၏အဆုံးသတ်ဖြစ်ပြီး နွေဦးရာသီစတင်သည့် သင်္ကေတလည်းဖြစ်သည်။

ရိုးရာပြက္ခဒိန်စနစ်အရ ဖေဖော်ဝါရီ ၅ ရက်တွင် စတင်မည့်အဖြူရောင်လသည် ရိုးရာအစဉ်အလာအရ နှစ်သစ်ဦးအားလပ်ရက်ဖြစ်ပြီး အသက်ကြီးရင့်သူများအား ဂါရဝပြုလေ့ရှိကြောင်းသိရသည်။ **ဆင်ဟွာ**

# ရန်ကုန်မြို့ ရေလုံလောက်စွာပေးဝေနိုင်ရေးစီမံကိန်းများ တိုးချဲ့ဆောင်ရွက်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

တိုးတက်လာနေသော ရန်ကုန်မြို့လူဦးရေ အနေအထားကို ကာမိစေရန်နှင့် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေး အတွက် ရည်ရွယ်ကာ ၂၀၄၀ ပြည့်နှစ်အထိ ရေပေးဝေရေး စီမံကိန်းများကို ဆက်တိုက်ဆောင်ရွက်သွားရန် အစီအမံ များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ ဒုတိယဌာနမှူး ဦးမြင့်ဇော်သန်းက ပြောသည်။

"ရန်ကုန်မြို့ကို ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ဖို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ ဂျိုက်ကာတို့ ပူးပေါင်းပြီးတော့ Master Plan တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ရေလှောင်တမံ တည်ဆောက်နိုင်တဲ့နေရာတွေ မရှိတော့ တဲ့အတွက် ကုက္ကိုဝ၊ ပန်းလှိုင်နဲ့ တိုးမြစ်တွေကို ရေအရင်း အမြစ်အသစ်တွေအဖြစ် စီမံကိန်းများဖော်ဆောင်သွားဖို့ ရှိပါတယ်။ ဒီစီမံကိန်းသစ်တွေအရ ၂၀၄၀ ပြည့်နှစ်မှာ ရန်ကုန်မြို့ လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းကို ရေပေးဝေနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေဂါလန် နေ့စဉ် သန်း ပေါင်း ၅၀၀ ကျော် ပေးဝေနိုင်မှာဖြစ်တဲ့အတွက် လူဦးရေ ၇ ဒသမ ၈၂ သန်းကို ပေးဝေသွားမှာဖြစ်ပါတယ်။ နေ့စဉ် လူတစ်ဦးကို ရေဂါလန် ၄၀ သုံးစွဲနိုင်အောင် ဆောင်ရွက် လျက်ရှိပါတယ်"ဟု ဦးမြင့်ဇော်သန်းက စည်ပင်သာယာ ဝန်ကြီးများ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းသို့ သွား ရောက်လေ့လာသည့် ခရီးစဉ်အတွင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်တွင် အကောင်အထည်ဖော် တည်ဆောက်နေသည့် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းနှင့် ကုက္ကိုဝရေပေးဝေရေးစီမံကိန်း တို့ကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိ ကြောင်း၊ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တို ဘာလတွင် ပြီးစီးရန် ခန့်မှန်းထားကြောင်း၊ ယင်းစီမံကိန်း ပြီးစီးပါက နေ့စဉ်ရေဂါလန် သန်း ၄၀ ကို ဒဂုံမြို့သစ် လေးမြို့နယ်နှင့် သီလဝါအထူးစီးပွားရေးဇုန်သို့ ဖြန့်ဝေပေး မည်ဖြစ်ကြောင်း၊ ကုက္ကိုဝရေပေးဝေရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး စီမံကိန်းပြီးစီးပါက နေ့စဉ် ရေဂါလန် သန်း ၆၀ ပေးဝေနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်းများကို လေ့လာ ကြည့်လျှင် ၁၈၄၂ ခုနှစ် သာယာဝတီမင်းလက်ထက် ရေတွင်းပေါင်း ၃၀ တူးပြီး ရန်ကုန်မြို့ ရေပေးဝေရေး စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၈၇၉ ခုနှစ် ကန်တော်ကြီးကန်တည်ဆောက်ပြီး ပိုက်လိုင်းစနစ်ဖြင့် ရေပေးဝေရေးစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၈၈၄ ခုနှစ်တွင် အင်းလျားကန်ကို တည်ဆောက်ခဲ့ပြီး အင်းလျားကန်မှ ၃၀ လက်မပိုက်ဖြင့် ကန်တော်ကြီးကန်သို့ ပို့လွှတ်ကာ ရေပေးဝေခဲ့ကြောင်း၊ ၁၉၀၄ ခုနှစ်တွင် လှော်ကားကန် တည်ဆောက်ပြီးချိန်တွင် ကန်တော်ကြီး နှင့် အင်းလျားကန်တို့ကို ရေပေးဝေခြင်းမှ ရပ်ဆိုင်းပြီး အများပြည်သူ အပန်းဖြေရာကန်များအဖြစ်သာ ထားရှိ ခဲ့ကြောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ဂျိုးဖြူကန်ကို တည် ဆောက်ပြီး ရန်ကုန်မြို့ ရေပေးဝေရေးကို ဆောင်ရွက်နိုင် ခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ဖူးကြီးရေလှောင်တမံကို တည်ဆောက်ပြီး ဖူးကြီးမှ လှော်ကားကန်သို့ ပိုက်လိုင်းဖြင့် ရေပို့လွှတ်ကာ ရန်ကုန်မြို့ကို ရေပေးဝေနိုင်ခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ငမိုးရိပ်ဆည်ကို တည်ဆောက်ပြီး ၂၀၁၄ ခုနှစ်တွင် ရေပေးဝေနိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် လဂွန်း ပြင်စီမံကိန်းနှင့် ၂၀၁၈ ခုနှစ်တွင် ကုက္ကိုဝစီမံကိန်းတို့ကို



**လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းတွင် ရေစစ်ကန်များတည်ဆောက်ထားမှုကို တွေ့ရစဉ်။**

စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ရန်ကုန်မြို့ကို ရေပေးဝေလျက်ရှိရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်မှု အောက်ရှိ မြေအောက်ရေအပါအဝင် နေ့စဉ် လှော်ကား ကန်မှ ရေဂါလန် ၁၄ သန်း၊ ဖူးကြီးမှ ၅၄ သန်း၊ ဂျိုးဖြူမှ ၂၇ သန်း၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနအောက် ရှိ ငမိုးရိပ်ဆည်မှ နေ့စဉ် ဂါလန် သန်း ၉၀ စုစုပေါင်း ၂၀၅ သန်းဖြန့်ဝေပေးလျက်ရှိကြောင်း၊ Ground Water ဖြန့်ဝေ မှုအနေဖြင့် ဒဂုံမြို့သစ် တောင်ပိုင်းတွင်နှစ်ခု၊ လှိုင်သာယာ တွင်တစ်ခုနှင့် ဒလတွင် တစ်ခုရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရေပေးဝေမှုကို လူဦးရေ ၂ ဒသမ ၃ သန်း အထိသာ ပေးဝေနိုင်ပြီး အထူးသဖြင့် မြို့တွင်း၌သာ ပေးဝေ နိုင်သေးကြောင်း၊ သို့အတွက် ရေပေးဝေရေးစီမံကိန်းများ ကို ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ရာ ၂၀၄၀ ပြည့်နှစ်အရောက်တွင် လူဦးရေ၏ ၈၀ ရာခိုင်နှုန်း (လူဦးရေ ၇ ဒသမ ၈၂ သန်း)အထိ ပေးဝေနိုင် အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေပေးဝေရာတွင် ဇုန် ၁၀ ခု သတ်မှတ်၍ ပေးဝေသွား မည်ဖြစ်ကြောင်း၊ ပိုက်လိုင်းများကိုလည်း ကွန်ရက်အဖြစ် ဆက်သွယ်ထားမည်ဖြစ်၍ ရေအရင်းအမြစ်တစ်ခုမှ ရေပေးဝေခြင်း မပြုလုပ်နိုင်သည့်တိုင်အောင် ကွန်ရက် အဖြစ် ချိတ်ဆက်ထားသဖြင့် ၂၄ နာရီ ရေးပေးဝေနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ရတနာပုံနှင့် ဟံသာဝတီအသင်း အိမ်ကွင်း၌ နိုင်ပွဲရယူ




**ရတနာပုံတိုက်စစ်ကို ရန်ကုန်နောက်တန်း ဖျက်ထုတ်နေစဉ်။**

**မန္တလေး ဇန်နဝါရီ ၂၇**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံနှင့် ဟံသာ ဝတီအသင်းတို့ အနိုင်ရပြီး Chinland နှင့် ဧရာဝတီအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

**ဗထူးကွင်း**

| | | |
|---|---|---|
| **ရတနာပုံ** | - | **သုံးဂိုး** |
| **ရန်ကုန်** | - | **နှစ်ဂိုး** |

နှစ်ပွဲဆက် သရေကျထားသည့် ရတနာပုံ အသင်းသည် အိမ်ကွင်း၌ ပထမဆုံးနိုင်ပွဲရ ယူနိုင်ခဲ့ပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းကို ခြေစွမ်းပြကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ပြီးခဲ့သည့်နှစ်ပွဲထက် ပိုကောင်းသည့်ခြေစွမ်းကို ပြသနိုင်ခဲ့ခြင်း ဖြစ်ပြီး လက်ရှိချန်ပီယံ ရန်ကုန်ကို ပထမဆုံး ရှုံးပွဲကြုံတွေ့စေခဲ့သည်။ ရန်ကုန်အသင်းမှာမူ ပထမဆုံးရှုံးပွဲကြောင့် ပြိုင်ဘက်များကို အမှတ်အသာဖြင့် ဦးဆောင်နိုင်မည့် အခွင့် အရေးလက်လွှတ်ခဲ့ရပြီး ဧရာဝတီအသင်း၏ သရေပွဲကြောင့်သာ ထိပ်ဆုံးမှ မဖယ်ပေးခဲ့ ရခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ဆယ်လာ၊ မောင်မောင်လွင်၊ ရန်အောင်ကျော်၊ ကြည်လင်း တို့ဖြင့် လူစုံနီးပါး အသုံးပြုခဲ့ပြီး ရတနာပုံ အသင်းမှာလည်း ရဲကိုဦး၊ လှိုင်းဘိုဘို၊ ဝင်းနိုင် ထွန်း၊ ဝင်းနိုင်စိုးတို့ဖြင့် လူစုံအသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး ၁၅ မိနစ်တွင် ဝင်းနိုင်စိုးက တစ်ကိုယ်တော်အစွမ်းဖြင့် ရတနာပုံအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်းက တိုက်စစ် အားပြုကစားလာပြီး ၂၉ မိနစ်တွင် ရတနာပုံ နောက်တန်းအမှားကို အသုံးချကာ မီလာက ချေပဂိုး ပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၄၈ မိနစ်တွင် လှိုင်းဘိုဘိုက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ဒုတိယဂိုးရယူခဲ့ပြီး ၅၈ မိနစ်တွင် ဝင်းနိုင်ထွန်းက တတိယဂိုးသွင်းယူ ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်း က ချေပဂိုးရရန် ကစားသမားများ အပြောင်း အလဲပြုလုပ်ခဲ့ပြီး လူငယ်ကစားသမားများ ဖြစ်သည့် ကောင်းထက်စိုး၊ သူရိန်စိုးနှင့် သက်ပိုင်စိုးတို့ ဝင်လာပြီးနောက်ပိုင်းတွင် ကစားအားတက်လာပြီး ဂိုးသွင်းခွင့်များ ပြန်လည်ရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရနိုင်သည့်အခွင့်အရေးများ လေးကြိမ် ထက်မနည်း ရခဲ့သော်လည်း ၇၃ မိနစ်တွင် ကောင်းထက်စိုး သွင်းယူသည့်တစ်ဂိုးသာ ပြန်ရခဲ့၍ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းနှင့် ဧရာဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဧရာဝတီအသင်း သည် ယခုပွဲအနိုင်ရလျှင် ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သော်လည်း ရန်ကုန်အသင်း ၏အရှုံးကို အခွင့်ကောင်းမယူနိုင်ခဲ့ပေ။ နှစ်ပွဲ ဆက်ရှုံးထားသည့် Chinland အသင်း၏ ရုန်းကန်မှုကြောင့် ဧရာဝတီအသင်း အခက် တွေ့ခဲ့ရပြီး လေးမိနစ်တွင် အီမန်နျူရယ်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဧရာဝတီအသင်း သည် ၁၅ မိနစ်တွင် ဆာဆက်၏ဂိုးဖြင့် ချေပဂိုးပြန်ရသော်လည်း အနိုင်ဂိုးထပ်မသွင်း နိုင်၍ သရေဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပ သည့်ပွဲတွင် ဟံသာဝတီအသင်းက မကွေး အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအတွက် အနိုင်ဂိုးကို ၇၅ မိနစ်တွင် ပိုဒါက သွင်းယူခဲ့သည်။

ဇန်နဝါရီ ၂၆ ရက်က ကျင်းပသည့် ပွဲစဉ် (၃) ပထမနေ့တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံအသင်းကို ငါးဂိုး-နှစ်ဂိုး၊ စစ်ကိုင်းအသင်းက Southern အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရခိုင်အသင်းနှင့် စစ်ကိုင်းအသင်း တို့ တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၃)အပြီးတွင် ရန်ကုန်နှင့် ဟံသာ ဝတီအသင်းက ခြောက်မှတ်စီ၊ ရှမ်းယူနိုက် တက်၊ ရခိုင်၊ ဧရာဝတီနှင့် ရတနာပုံအသင်း တို့က ငါးမှတ်စီ၊ စစ်ကိုင်းနှင့် ဇွဲကပင်အသင်းက လေးမှတ်စီ၊ ဒဂုံနှင့် Southern အသင်းက သုံးမှတ်စီ၊ မကွေးနှင့် Chinland အသင်းက တစ်မှတ်စီရထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# တရုတ်နှစ်သစ်ကူးနေ့အကြို အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ယခုနှစ်၏ တရုတ်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အလွတ်တန်း အမျိုးသား၊ အမျိုးသမီး သုံးယောက်ချင်း ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် ဆုများဖြစ်သော အမျိုးသား အလွတ်တန်း တံခွန်စိုက်ဆုကို MOD အသင်းက လည်းကောင်း၊ အမျိုးသမီး အလွတ်တန်း တံခွန်စိုက်ဆုကို AGES အသင်းက လည်းကောင်း၊ U-23 အမျိုးသားပြိုင်ပွဲ တံခွန်စိုက်ဆုကို RIP CITY(A) အသင်းက လည်းကောင်း၊ U-23 အမျိုးသမီးပြိုင်ပွဲ တံခွန်စိုက်ဆုကို ONE အသင်းက လည်းကောင်း ဆုများ ရရှိခဲ့ကြသည်။ ဆက်လက်၍ သုံးယောက်ချင်း အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ U-23 အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရ ထူးချွန်ကစားသမားများအား ဆုချီးမြှင့်သည်။ ဆုများကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ အပါအဝင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဘတ်စကက်ဘောအားကစားကို လေ့လာလိုက်စားသူ ကစားသမားများနှင့် ကျွမ်းကျင်ကစား သမားငယ်များအပါအဝင် သုံးယောက်တန်းကစားသမား အသင်း ၂၀ နှင့် အမျိုးသမီးအသင်းများ ပါဝင်ကြကြောင်း၊ ဆီးဂိမ်းအတွက် ရည်ရွယ်ကာ သက်ကြီး သုံးယောက်တန်းပြိုင်ပွဲကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

**ပွင့်သစ္စာ**



## ရှမ်းပြည်နယ်အုပ်ချုပ်ရေးမှူး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ် ကွင်းဆင်းစစ်ဆေး

**မူဆယ် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်ဦးဆောင်သည့် ကောင်စစ်ရေးရာအဖွဲ့နှင့် ဥပဒေရေးရာညွှန်မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်မှူး၊ မြေတိုင်းဌာန ညွှန်မှူးတို့ပါဝင်သည့်အဖွဲ့များနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက်ဂိတ် (ဆင်ဖြူဂိတ်)တွင် တရုတ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးအဖွဲ့များနှင့်တွေ့ဆုံ၍ နယ်နိမိတ်မှတ်တိုင်အမှတ် BP 81,BP-81-1 နှင့် BP 81-2 အကြား မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာခြင်းလုပ်ငန်းများ ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီးနောက် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ဂိတ် (မန့်ဝိန်းဂိတ်) ကို ကြည့်ရှုစစ်ဆေးကာ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်အတွက် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တော်ဝန်ရုံး အစည်းဝေးခန်းမ၌ မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင် အမှတ် BP 81,BP-81-1နှင့် BP81-2အကြား နယ်နိမိတ်အငြင်းပွားလျက်ရှိသည့်ဆင်ဖြူဈေးကော်မတီရုံး အဆောက်အအုံ ဆောက်လုပ်မှုနှင့်ပတ်သက်၍ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးအဖွဲ့တို့၏ စစ်ဆေးတွေ့ရှိချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံဆွေးနွေးသဘောတူညီချက်အရ မြန်မာ-တရုတ် နှစ်ဘာသာဖြင့် ရေးသားထားသည့် နယ်နိမိတ် မှတ်တိုင်အမှတ် BP81,BP-81-1နှင့်BP81-2အကြား နယ်နိမိတ်မျဉ်း သွယ်တန်းပုံနှင့် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်မှတ်တမ်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်နှင့် တရုတ်နိုင်ငံ နယ်စပ်နှင့် ပင်လယ်သမုဒ္ဒရာရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ကျန်းယီတို့က နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ဗန်ရိုးထန်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေ ၂၅ သိန်းကျော် လှူဒါန်း



**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၇**

ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ ဇန်နဝါရီ ၂၄ ရက်တွင် အလှူငွေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးမြသွင်၊ ရခိုင်ပြည်နယ်ရှိ ကျန်းမာရေးမှူးအသင်းဝင်များနှင့် တာဝန်ရှိသူများသည် ပုဏ္ဏားကျွန်းမြို့နယ် အထက်မြတ်လေးရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၉၉ စု၊ ကျောက်တော်မြို့နယ် ကန်စောက်ဘုန်းတော်ကြီးကျောင်းရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၁၄၉ စု၊ ကန်စောက်ဘုန်းတော်ကြီးကျောင်းနှင့် တိုက်ပွဲရှောင်ဒေသရှိ ကျန်းမာရေးအဖွဲ့များအပါအဝင် ကလေးများအတွက် စုစုပေါင်း အလှူငွေကျပ် ၂၅၆၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**တီတီအေဂျီ**

## ကျွန်းစိုက်ခင်းများ ပြည်နယ်ဝန်ကြီးကြည့်ရှု

**မယ်စဲ့ ဇန်နဝါရီ ၂၇**

ကယားပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်သည် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးတို့ နှင့်အတူ မယ်စဲ့မြို့နယ် သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသော စီးပွားဖြစ် ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေနှင့် အသစ်တည်ထောင်မည့် ကျွန်းစိုက်ခင်း မြေနေရာတို့ကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀နာရီက ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် သံလွင်မြစ်အရှေ့ဘက်ခြမ်းနှင့် ကြိုးပြင်ကာကွယ်တော(၁/၂၀၁၈) စီးပွားရေး ကျွန်းစိုက်ခင်း ၂၅ ဧက အကွက်အမှတ် (၄၂၃) အောင်မြင်ဖြစ်ထွန်းမှု အခြေအနေနှင့် (၁/၂၀၁၉) စီးပွားရေးကျွန်းစိုက်ခင်း ၂၅ ဧက အသစ်တည်ထောင်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုင်းသန်းညွန့်နှင့် ဝန်ထမ်းများက လိုက်လံရှင်းလင်းပြသခဲ့ပြီး ပြည်နယ်ဝန်ကြီးက ရေဝေရေလဲ စိုက်ခင်းနှင့် သဘာဝတန်ဖိုးမြင့် ကျွန်းစိုက်ခင်းများ ပိုမိုအောင်မြင်ရေး ဆက်လက်ပြုစုပျိုးထောင်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူး အစည်းအဝေးကျင်းပခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အဆုံး အဖြတ်ရယူခြင်း။

၂၁။ ကောင်စီ သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့၏ မည်သည့် အစည်းအဝေးတွင်မဆို တက်ရောက်ခွင့်ရှိသူစုစုပေါင်းဦးရေ၏ ထက်ဝက် ကျော်တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

၂၂။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင် ရွက်ချက်များကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် နှီးနွှယ်အဖွဲ့ အစည်းများသို့ ထုတ်ပြန်နိုင်သည့်အပြင် ဦးစီးဌာနနှင့်ဝန်ကြီးဌာနသို့ အသိ ပေးတင်ပြနိုင်သည်။

## အခန်း(၉)
## ရုံးအဖွဲ့ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၂၃။ ကောင်စီသည် ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့နှင့်ဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်-

(က) ရုံးအဖွဲ့မှူး တစ်ဦး၊

(ခ) စီမံရေးရာနှင့်ငွေစာရင်းဌာန၊ မှတ်ပုံတင်နှင့်လိုင်စင်ရေးရာ ဌာန၊ နိုင်ငံတကာနှင့် ပြည်သူ့ဆက်ဆံရေးဌာနတို့တွင် ဌာနမှူးတစ်ဦးစီနှင့် စာရေးဝန်ထမ်း နှစ်ဦးစီ၊

(ဂ) အရည်အသွေးထိန်းသိမ်းစစ်ဆေးခြင်းဌာန၊ ကျင့်ဝတ် သိက္ခာနှင့်စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင်တိုင်းရင်း ဆေးဆရာအဖွဲ့ခွဲမှူးတစ်ဦးစီနှင့် စာရေးဝန်ထမ်း နှစ်ဦးစီ။

၂၄။ ကောင်စီသည် ပုဒ်မ ၂၃ ပါရုံးအဖွဲ့နှင့်ဌာနများကို လိုအပ်ချက် နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၁၀)
## ဘဏ္ဍာရေး

၂၅။ ကောင်စီသည် မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသောအထွေထွေ ဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင် သည်။

၂၆။ ကောင်စီသည်ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင် ရမည် -

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့် ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ၊

(ဃ) အခြားရငွေများ။

၂၇။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင် များက လှူဒါန်းသော ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင် သည့်အပြင် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၈။ ကောင်စီသည် ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့်ရုံးအဖွဲ့တို့၏ လစာနှင့်စရိတ်တို့ကို ကျခံ၍ ရုံးအဆောက်အဦကိုလည်း တာဝန်ယူရမည်။

၂၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၃၀။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက် ရမည်။ မိမိရန်ပုံငွေဖြင့်ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ဝန်ကြီးဌာန မှတစ်ဆင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

## အခန်း(၁၁)
## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ မှတ်ပုံတင်ခြင်း

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက် ပါသတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်း ပြည်ပ တက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် တိုင်းရင်းဆေးပညာ ရပ်ဆိုင်ရာ ဘွဲ့သို့မဟုတ် ဒီပလိုမာ၊ တိုင်းရင်းဆေးသိပ္ပံမှ အပ်နှင်းသည့် တိုင်းရင်းဆေးပညာ ဒီပလိုမာလက်မှတ်ရရှိသူ၊

(ခ) တိုင်းရင်းဆေးပညာ တစ်နှစ်သင်တန်း အောင်လက်မှတ် ရရှိသူ၊ တိုင်းရင်းဆေးပညာသုံးဘာသာ အောင်လက်မှတ် ရရှိသူ သို့မဟုတ် တိုင်းရင်းဆေးပညာ လေးဘာသာ အောင် လက်မှတ်ရရှိသူ။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၁ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်မှုရှိပါက မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သတ်မှတ်ထားသည့်သက်တမ်း အလိုက် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်သက်တမ်းတိုးရမည်။

၃၄။ အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်တိုင်းရင်းဆေးဆရာတစ်ဦး နှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေး တွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီး ယင်းပြစ်မှုသည် တိုင်းရင်းဆေးဆရာအဖြစ် ဆက် လက်ထမ်းဆောင်နိုင်ရန်မသင့်ဟု ကောင်စီက အခါ အားလျော်စွာ သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(ခ) တိုင်းရင်းဆေးဆရာတစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာမှုမရှိခြင်းကြောင့် တိုင်းရင်း ဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက် နိုင်စွမ်းမရှိခြင်း၊

(ဃ) ကွယ်လွန်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြခြင်း သို့မဟုတ် စိစစ်တွေ့ရှိခြင်း။

## အခန်း (၁၂)
## ဘွဲ့လွန်၊ ဒီဂရီ အသိအမှတ်ပြုခြင်း

၃၅။ ပြည်တွင်းပြည်ပ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်း သည့် ဘွဲ့လွန် တိုင်းရင်းဆေးပညာဘွဲ့ရရှိသူသည် ဘွဲ့လွန်ဒီဂရီ အသိအမှတ် ပြုနိုင်ရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်း ပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး ဘွဲ့လွန်ဒီဂရီရရှိကြောင်း မှတ်ပုံတင်လက်မှတ်တွင် ရေးသွင်းရမည်။

## အခန်း (၁၃)
## ဆေးကုသခွင့်လိုင်စင်

၃၇။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကောင်စီ သို့ လျှောက်ထားရမည်။

၃၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၇ အရ လျှောက်ထားလာ သော လျှောက်လွှာကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေပြီး အထွေထွေ ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၃၉။ နိုင်ငံခြားသား တိုင်းရင်းဆေးဆရာသည် ယာယီကန့်သတ် ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားလာသူ အားသတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးပြီး အရည်အချင်း ပြည့်မီခြင်းမရှိပါကငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင် ကြေးနှင့်အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၄၁။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် အထူးဆေးကုသခွင့် လိုင်စင် အတွက် သတ်မှတ်ထားသည့်အရည်အချင်းနှင့် ပြည့်စုံပါက အထူး ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိပါက ငြင်း ပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထူး ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၄၃။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ဆေးကုသခွင့် လိုင်စင်ရရှိလိုသူ တိုင်းရင်းဆေးဆရာသည် ကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။

၄၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၃ အရ လျှောက်ထားလာ သူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးခြင်းပြုလုပ် ပြီး အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်း ပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့် ကာလတို့အား ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ် ပေးရမည်။

၄၅။ ဆေးကုသခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီး နောက် မိမိ၏ ဆေးကုသသည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များ နှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲကာလအတွင်း ယင်း၏ ဆေးကုသမှုလုပ်ငန်းများသည် တရားဝင်ဆောင်ရွက်ခြင်းဟု မှတ် ယူရမည်။

၄၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၅ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ် ချက်များနှင့်အညီစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်းသို့မဟုတ် သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၇။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်း ဆေးဆရာတစ်ဦးဦးတွင် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

(ဂ) လိုင်စင်ပါခွင့်ပြုသည့် ဆေးကုသခြင်း အမျိုးအစားမှအပ အခြားဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်ပါ ကန့်သတ်ချက်များကို ကျူးလွန်ဖောက်ဖျက် ဆောင်ရွက်ခြင်း၊

(င) တိုင်းရင်းဆေးဆရာတစ်ဦး၏ လိုက်နာရမည့် ကျင့်ဝတ် သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း၊

(စ) သတ်မှတ်ထားသော ကာလအတွင်း အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ ဆေးကုသခွင့် လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊

(ဆ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသေးသည့် ဆေး ပညာဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲဖော်ပြခြင်း။

## အခန်း(၁၄)
## မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၄၈။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်း ဆေးဆရာများသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် တိုင်းရင်းဆေးဆရာ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီ သို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့် အပြင် ကောင်စီ၏ အကြံဉာဏ်နှင့် အကူအညီကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၉။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် -

(က) ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးခွင့်ရှိ သည်။

(ခ) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံခွင့်ရှိသည်။

(ဂ) မှတ်ပုံတင်တိုင်းရင်းဆေးဆရာတစ်ဦးဦးက မှတ်ပုံတင်ပြီး နောက် ထပ်မံရရှိသောဆေးပညာရပ်ဆိုင်ရာ အရည်အချင်း တစ်ရပ်ရပ်ကို ကောင်စီ၏ မှတ်ပုံတင်စာရင်းနှင့် မိမိ၏ မှတ်ပုံ တင်လက်မှတ်တွင်ဖြည့်သွင်းပေးရန် သတ်မှတ်ချက်များ နှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

၅၀။ ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာသည် -

(က) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင် အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင် ရွက်ခွင့်ရှိသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဖေဖော်ဝါရီ ၁၈ ရက်မှာ နှစ် ၆၀ တင်းတင်းပြည့်မယ့် ဈေးချိုတော် ညဈေးတန်း

ဆူးငှက်

**ဒီနှစ် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှာမန္တလေး ဈေးချိုတော် ညဈေးတန်း နှစ် ၆၀ တင်းတင်း ပြည့်ပါပြီ။**

## ဈေးချိုတော်ဆိုတာ

မန္တလေးဈေးချိုတော်ဆိုတာ မြန်မာမင်းလက်ထက် ကတည်းကတည်ရှိခဲ့ပါတယ်။ တကယ်တမ်းထင်ရှား လာတာကတော့ ကိုလိုနီခေတ်ရောက်လာမှပါ။ မန္တလေး ရဲ့ ခေတ်ရထားလမ်းတွေကလည်း ဈေးချိုတော်ကိုပဲ ဦးတည်ကြ ...၊ ဖြတ်သန်းကြတယ်။ မန္တလေးဈေး ကွက်ရဲ့ အဓိကလိုအပ်တဲ့ ကောက်ပဲသီးနှံ၊ ဟင်းသီး ဟင်းရွက်တွေကိုလည်း မတ္တရာနယ်တစ်ဝိုက်က အဓိက တင်ပို့နေရလေတော့ ဘိုးတော်ဘုရားလက်ထက် ကတည်းကဖောက်လုပ်ခဲ့တဲ့ ရွှေတချောင်းမြောင်း ကနေ ဈေးချိုအရောက် ဒုတ်ဒုတ်ထိ လှေသမ္ဗန်တွေ နှင့် တင်ပို့နိုင်တယ်။ ဒါတင်မက ဈေးချိုနှင့် မတ္တရာကို လည်းမီးရထားလမ်းသီးသန့်ဖောက်ပြီး ခရီးသည်နှင့် ကုန်ပစ္စည်းတွေ သယ်ပို့ပေးခဲ့တယ်။ ဈေးချိုဆိုတာ လည်း ၂၆ (ပေ ၁၂၀၀ နီးပါး)ပတ်လည် အကျယ် အဝန်းအတွင်းမှာ အုတ်ကာသွပ်မိုးဈေးရုံကြီး ၁၂ရုံ ကို ပင်မထားဖွဲ့စည်းထားတာအပြင် ပတ်လည်မှာလည်း သံဖြူတန်း၊ ထိုးမုန့်တန်း၊ မွေ့ရာတန်း၊ မုန့်စုံတန်း၊ လင်းရောင်ခြည်ဈေးတန်း၊ အောင်ဈေးတန်း၊ ဝက်သား ရုံ၊ ဆိတ်သားရုံ၊ ငါးတန်း၊ ပန်းတန်း၊ ထီးတိုင်ဈေး၊ ကိုင်တန်းဈေး၊ မန်းသီရိဈေး ... စတဲ့ ဈေးတန်းဈေးရုံ တွေကလည်းတစ်ဆက်စပ်တည်း ဝန်းရံထားသေးတာ ကိုး။ ဒီတော့ အထက်မြန်မာပြည်သာမက မြန်မာ တစ်ပြည်လုံးရဲ့အရောင်းအဝယ်ဆိုင်ရာ ပင်မဈေးကွက် အချက်အချာဒေသကြီး ဖြစ်ခဲ့တာပါ။

## ဈေးချိုတော်ညဈေးတန်း

အနယ်နယ် အရပ်ရပ်ကလာကြတဲ့ ဧည့်သည်တွေ က ဈေးချိုအနီးအနားကပွဲရုံကြီးတွေမှာ ...၊ ဘုန်းကြီး ကျောင်းတွေမှာတည်းခိုကြပြီး ဈေးဝယ်ကြတယ်။ ဒီလိုဝယ်ခြမ်းကြရတာအများအားဖြင့် တစ်နေ့နဲ့ မပြီးဘူး၊ မစုံလင်ဘူး ...။ ဒီတော့ ညပိုင်းမှာလည်း ဝယ်ချင်ခြမ်းချင်တာ တွေရှိတယ်...။ မြို့ပေါ်ပရိသတ် ကလည်း အလှူမင်္ဂလာပွဲလမ်းအတွက်၊ ဘုရားသွား ကျောင်းတက်အတွက် အဝတ်အထည်၊ အလှကုန် ပစ္စည်းကအစ အိမ်သုံးကုန်၊ လူသုံးကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ စုစုစည်းစည်း ဝယ်ချင်တယ်။ အဲဒီနေရာမှာပဲအပန်းဖြေကာ စားသောက်ဖွယ်ရာ တွေ စားသောက်ချင်တယ်။ ဒါကြောင့် လွတ်လပ်ရေး ရပြီးနောက် ၁၀နှစ်ကျော် ၁၉၅၉ ခုနှစ်က ညဈေးတန်း ကို ဖွင့်လှစ်ခဲ့ပါတယ်။ အတိအကျပြောရရင် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာစတင်ဖွင့်လှစ်ခဲ့ တာပါ။ နေရာကဈေးချိုတော်ရုံကြီး ၁၂ရုံ မျက်နှာစာနဲ့ ဈေးချိုတိုက်တန်းကြီးတွေကြား၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ်မှာပါ။ 'ဈေးချိုတော် ညဈေးတန်း' လို့ သုံးနှုန်းခေါ်ဆိုကြတယ်။ ညဈေးတန်းရဲ့မြောက်ထိပ်မှာ ဈေးချိုနာရီစင်ကြီးကမားမားစွင့်စွင့် မိုးကြည့်နေတယ်။ တစ်နေ့လုံးပျားပန်းခတ်မျှ စည်ကားလှတဲ့ ဈေးချိုတော် ကြီးနှင့် မြင်းရထား၊ ဆိုက်ကား၊ စက်ဘီး၊ မော်တော် ကားမဲမဲကျင် ပရိသတ်တွေနှင့် စည်ကားလှတဲ့ လမ်းမ ကြီးတို့မြင်ကွင်းက ညနေစောင်းတာနှင့် ချက်ချင်း ပြောင်းလဲသွားတယ်။

## ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်နေ့မှာ ညဈေးတန်းကို စဖွင့်

ဈေးချိုရုံကြီး ၁၂ ရုံနှင့် တိုက်တန်းကြီး၊ တိုက်တန်း လေးပေါ်ကဆိုင်ခန်းတွေ၊ ဈေးရုံဈေးတန်းကဆိုင်ခန်း တွေ ပိတ်သိမ်းလိုက်တာနှင့် လမ်းမကြီးပေါ်ကယာဉ် ရထားအသွားအလာတွေရပ်နားသွားပြီး လမ်းမကြီးပေါ် မှာ ဈေးဆိုင်ဈေးတန်းတွေ ချက်ချင်းခင်းကျင်းကြတယ်။ နေအလင်းရောင်ပျောက်တာနှင့် ဆိုင်ပေါက်စေ့ အောက် လင်းဓာတ်မီးတွေ ထွန်းညှိကြတယ်။ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်နေ့မှာ ညဈေးတန်းကို စဖွင့်တော့ အစားအသောက်ဆိုင်အဖြစ် အိန္ဒိယလူမျိုး ၃၁ ဆိုင်၊ တရုတ်ဆိုင် ၃၁ ဆိုင်၊ ဂေါ်ရင်ဂျီဆိုင် နှစ်ဆိုင်၊ မြန်မာဆိုင် ၈၅ ဆိုင်အပါအဝင် အဝတ်အထည်၊ လူသုံးကုန်၊ အလှ ကုန်နှင့် အထွေထွေ ကုန်ပစ္စည်းရောင်းချတဲ့ ဆိုင်ပေါင်း ၅၃၄ဆိုင် ဖွင့်လှစ်ပါသတဲ့။ ဆိုင်ခန်းတစ်ခန်းစီရဲ့အကျယ် အဝန်းက ၆ပေ × ၈ပေရှိတယ်။ ဖွင့်ပွဲမှာ ၂၆ ဘီလမ်း အာဇာနည်လမ်းပေါ်က ဟုတ်စုန်စတိုး ယခု အင်းဝ ဘဏ်နေရာနှင့် တိုက်တန်းကြီးကိုသွယ်တန်းထားတဲ့ ဖဲကြိုးကို မန္တလေးမြူနီစပယ်ဥက္ကဋ္ဌ မင်းဘူးဦးမောင် မောင်က ဖြတ်ပြီးဖွင့်လှစ်ပေးခဲ့တယ်။ ဒီညဈေးတန်း ဟာ တစ်လျှောက်လုံးစည်ကားခဲ့တယ်။ ပြည်တွင်း သာမက ပြည်ပဧည့်သည်များအထိ 'ဈေးချိုညဈေး တန်း'ရဲ့ ထူးခြားတဲ့မြင်ကွင်းနှင့် ရောင်းဝယ်မှုပုံစံကို ထူးခြားမှုတစ်ခုအနေနှင့် မှတ်တမ်းတင်ကြတယ်။ ပြည်ပဧည့်သည်များရဲ့ ပြည်တွင်းအလည်အပတ် ခရီး စဉ်မှာ ဈေးချိုညဈေးတန်းဟာမပါမဖြစ် နေရာတစ် နေရာပါပဲ။



ယခင်ဈေးချို

## မှောင်ခိုပစ္စည်း

၁၉၆၂ ခုနှစ်နောက်ပိုင်း စီမံကိန်းစီးပွားရေးစနစ် အောက်မှာ ညဈေးတန်းကလည်း အခြားဈေးများနည်း တူ မှောင်ခိုပစ္စည်းဆိုတဲ့ ကန့်သတ်မှုအောက် အလူး အလဲခံရပြန်တယ်။ ဒါပေမယ့် မှောင်ခိုပစ္စည်းမှ မရောင်း မဝယ်ရင်လည်း စားစရာ၊ နေစရာ၊ ဝတ်စရာ၊ သုံးစွဲစရာ မရှိလေတော့ ဒီလိုပဲ 'ဒီကွေ့ဒီတက်နဲ့လှော် ...၊ ဟိုကွေ့ ဟိုတက်နဲ့လှော်' တဲ့ ပုံစံနဲ့ပဲညဈေးတန်းဟာစည်ကား မြဲပါပဲ။ နေ့ခင်းမှာရောင်းချတဲ့ ပစ္စည်းတွေကိုပဲ ပစ္စည်းမှန်၊ ဈေးမှန်နှင့် ညဈေးတန်းမှာ ဝယ်ယူနိုင်ကြတယ်။ လမ်း ဘေးမှာပဲ မတ်တတ်ရပ်သောက်ရတဲ့ သုံးမတ် (၇၅ပြား) တန် သံပရာရည်ကနေ စားပွဲနှင့် ကုလားထိုင်နှင့် သောက်ရတဲ့ သုံးကျပ်တန် ဖာလူဒါအထိ ညဈေးတန်း မှာရတယ်။ မလိုင်ကူလ်ဖီးရတယ်။ မုန့်တွန်ဇန်ရတယ်။ အကြော်၊ ကောက်ညှင်းပေါင်းရတယ်။ အလင်းထိဖွင့်တဲ့ လက်ဖက်ရည်ဆိုင်ရှိတယ်။ ဆီချက်ခေါက်ဆွဲ၊ ဆန်ပြား ခေါက်ဆွဲရတယ်။ ဆန်ပြုတ်၊ ကြာဆံဟင်းရတယ်။ (အဲဒီကာလ ဝက်သားဒုတ်ထိုးတို့...၊ အကင်စုံတို့တော့ မရှိသေးဘူး)၊ သစ်သီးစုံရတယ်။ အိန္ဒိယဖြစ်၊ ယိုးဒယား ဖြစ်၊ တရုတ်ဖြစ် ပစ္စည်းစုံရတယ်။ နာရီစင်အောက်မှာ အအေးသောက်ရင်း အကိုင်းရီကော်ဒါကြီးတွေက ဖွင့်တဲ့ လားရှိုးသိန်းအောင်တို့၊ မင်းမင်းလတ်တို့၊ ပုလဲ တို့ရဲ့ ခေတ်ပေါ်သီချင်းတွေ နားထောင်နိုင်တယ်။ အအေးမသောက်ချင်ရင်လည်း ခန်းမ ၂ အောက်ထပ် ဝရန်တာမှာ ထိုင်ရင်းနားထောင်နိုင်တယ်။ တောင်ပြုန်း ပွဲကာလရောက်ရင် ရွှေမန်းတင်မောင်ရဲ့ တောင်ပြုန်း မင်းညီနောင်ကိုဖွင့်တယ်။

## ထိုးမုန့်အမြည်းစားကြ

ကျွန်တော်တို့ လူငယ်တွေအဖို့ ညဈေးတန်းမှာ စွဲမက်စရာတစ်ခုကထိုးမုန့်ဆိုင်တွေပါပဲ။ ၂၈ လမ်းဘက် အဝင်နဲ့ ၂၆ ဘီလမ်းပေါ် ညဈေးတန်းအဆုံးတွေမှာ ထိုးမုန့်ဆိုင်တွေရှိတယ်။ ရောင်းချကြတာ ဈေးချိုသူ အပျိုဖြန်းလေးတွေ။ လှလှပပ ယဉ်ယဉ်ကျေးကျေး လေးတွေ။ ညဈေးလာသူတွေကို ချိုသာတဲ့အပြုံး၊ ဖွယ်ရာတဲ့ စကားလုံးတွေနှင့် ထိုးမုန့်လေးများ လက် ဆောင်ဝယ်ကြပါဦးရှင့်၊ ထိုးမုန့်အမြည်းလေးလည်း သုံးဆောင်ကြပါရှင့်။ မဝယ်ပေမယ့်လည်းအမြည်းလေး များသုံးဆောင်ကြပါဦးရှင်စတဲ့ စကားလုံးတွေ၊ အပြုံး တွေနှင့် ဖိတ်ခေါ်တယ်။ လူငယ်တွေကလည်းယဉ်ယဉ် ကျေးကျေးနှင့် ထိုးမုန့်အမြည်းစားကြတယ်။ ထိုးမုန့် ဝယ်ကြတယ်။

## ဂန္ထဝင်စာဟောင်းစာကောင်းတွေ

နောက် ... လူငယ်တွေ စွဲမက်တာတစ်ခုက စာအုပ် ဈေးတန်းပါပဲ။ ရွှေမြို့တော်၊ ဒေါင်းအိုးဝေ၊ သုံးရောင် ခြယ်စတဲ့ စာအုပ်ဆိုင်တွေနှင့် အခြားအခြားစာအုပ်ဆိုင် များပါပဲ။ လစဉ်ထုတ်မဂ္ဂဇင်းတွေ၊ စာအုပ်အသစ်တွေ၊ ဂန္ထဝင်စာဟောင်းစာကောင်းတွေ အစုံအလင်ပါပဲ။ စာအုပ်ဆိုင်တွေမှာစာအုပ်ချစ်သူ၊ ဝယ်သူတွေ အမြဲလို စည်ကားနေတတ်တယ်။ ဈေးချိုညဈေးတန်းဟာ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၈၄ လမ်းတစ်လျှောက် ၈၃ လမ်းကနေ ၈၆ လမ်းအထိ အရှေ့အနောက်ရှိပါတယ်။ အင်္ဂလိပ် အက္ခရာ **(T)** ပုံစံပါ။

ဒီလိုစည်ကားတဲ့ ညဈေးတန်းက ၁၉၈၁ ဆိုင်းတန်း မီးကြီးနှင့် ၁၉၈၄ ဦးကျားကြီးဝင်း မီးဘေးတွေအပြီး မီးသတ်ကား အဝင်အထွက်ရှင်းဖို့ဆိုကာ ဖျက်သိမ်း လိုက်တယ်။ ဘူတာကြီးအနောက်ဘက် ၇၉ လမ်းပေါ် ၂၉လမ်းနဲ့ ၃၄ လမ်းအကြား ပြောင်းရွှေ့လိုက်တယ်။ ဒီကတည်းက ဈေးချိုညဈေးတန်းရဲ့ သန္ဓေပျက်သွား တာပါပဲ။ ၁၉၉၀ ကျော်ကာလမှာ ၇၀လမ်းက ညဈေး တန်းကို မူလနေရာ ပြန်ရွှေ့ပေမယ့် ပြောင်းလဲသွားတဲ့ ဈေးကွက်အခြေအနေရော၊ ဈေးချိုတော်ကြီးဖျက်သိမ်း လိုက်တာရော၊ လူမှုစနစ် အပြောင်းအလဲရောကြောင့် ပျက်စီးဆုံးရှုံးသွားပါပြီ။

## ကယ်သူမဲ့နေပါလား

တကယ်တော့ ဈေးချိုညဈေးတန်းဆိုတာ အခုမြင်ရ တဲ့မြင်ကွင်းက မူလသန္ဓေ၊ မူလအခင်းအကျင်း မဟုတ်ပါဘူး။ အခုမြင်ကွင်းက မြို့လယ်လမ်းမကြီး ဘေးတစ်ဖက်တစ်ချက်က စားသောက်ဆိုင်ဈေးတန်း ပဲ ဖြစ်နေတယ်။ မန္တလေးရဲ့ ဘုရားပွဲ၊ ပွဲဈေးတန်း သာသာပဲရှိတော့တာပေါ့။ ဩော် ... ဈေးချိုညဈေး တန်းရဲ့ ဖြတ်သန်းခဲ့ရတဲ့ လောကဓံလှိုင်းလုံးကလည်း ပြင်းထန်ခဲ့ပေသကိုး။ အသက်ပျောက်မတတ်ချည်း ပါပဲ။ အခုတော့ ခေတ်အဆက်ဆက်အလံမလှဲဦးမညွတ် ရှင်သန်ခဲ့တဲ့ နာမည်ကျော် ရှေးဟောင်းဈေးချို ညဈေးတန်း ကယ်သူမဲ့နေပါလားဆိုကာ မန္တလေးသား များ စိတ်မကောင်းဖြစ်ကြရပါတော့တယ်။ ဒီလိုနဲ့ အစဉ်အလာကြီးမားသော ဈေးချိုတော်ပုံရိပ်တွေ သာမက နာမည်မျှပင်ကျန်ရစ်ပါ့မလားလို့လည်း စိုးရိမ် ကြပါတယ်။ ။



လက်ရှိညဈေးတန်း

# ဗန်းမောက်မြို့နယ်၌ ရှမ်းနီရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပ

**ဗန်းမောက် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်လုံးဆိုင်ရာ ရှမ်းနီရိုးရာ ကောက်ဦးဆွမ်းကပ်လှူပွဲနှင့် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်ကို ဗန်းမောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ကျောက်တိုင်ကွင်းအတွင်း၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

မံအင်မန်ကျည်းကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစာရလင်္ကာရက "ဗန်းမောက်မြို့မှာ ကျင်းပလာတာတော့ လေးနှစ်ကျော်ပြီ။ ဗန်းမောက်မြို့နယ်အတွင်းမှာရှိတဲ့ ရှမ်းနီလူမျိုးတွေစုစည်းပြီး ကျင်းပဖြစ်တာပါ။ ရှမ်းနီလူမျိုးတို့ရဲ့ နှစ်သစ်ကူးပွဲလည်းဖြစ်တယ်။ ရိုးရာစာပေနှင့်ယဉ်ကျေးမှုတွေကို မှတ်မိသလောက်၊ သိသလောက် ထိန်းသိမ်းစောင့်ရှောက်ဖို့ ခုလိုကျင်းပဖြစ်တာပါ" ဟု မိန့်ကြားသည်။



ယနေ့ကျင်းပသော ရှမ်းနီရိုးရာ ကောက်ဦးဆွမ်းကပ်လှူပွဲနှင့် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်တွင် ရှမ်းနီလူမျိုးများ၏ ရိုးရာတေးသီချင်းများ၊ အကပဒေသာများ၊ မြေဝိုင်းအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ကောက်ဦး ဆွမ်းကပ်လှူပွဲနှင့်နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**



# MFF၊ MNL နှင့် 100 Plus တို့ စပွန်ဆာသက်တမ်းတိုး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် 100 Plus တို့၏ နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး F&N Myanmar ၏ Country Manager Mr Freddy Oh က စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ဆောင်ရွက်နေတဲ့အချိန်မှာ စပွန်ဆာတွေရဲ့ပံ့ပိုးကူညီမှုက အလွန်အရေးပါပါတယ်။ ကျွန်တော်တို့ပဲ လုပ်ဆောင်နေလို့မရပါဘူး။ စပွန်ဆာကုမ္ပဏီတွေရဲ့ ပံ့ပိုးမှုတွေကြောင့် လုပ်ဆောင်ရတာ ပိုပြီးအဆင်ပြေလာတာပါ။ ဒါကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း အခုလို ကူညီပြီး စပွန်ဆာပေးတဲ့ ကုမ္ပဏီတွေအတွက် ပြန်ပြီး လုပ်ဆောင်ပေးမှာပါ။ မြန်မာ့ဘောလုံးတိုးတက်ဖို့ဆိုရင် အားလုံးပူးပေါင်း လုပ်ဆောင်မှရမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

100 Plus အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ၂၀၁၉ ခုနှစ်အတွက် ဒေါ်လာ ၁၂၀၀၀၀၊ ၂၀၂၀ ပြည့်နှစ်အတွက် ဒေါ်လာ ၁၃၅၀၀၀၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီကို ၂၀၁၉ ခုနှစ်အတွက် ဒေါ်လာ ၃၈၀၀၀၀နှင့် ကျပ်သိန်း ၄၀၀၊ ၂၀၂၀ ပြည့်နှစ်အတွက် ဒေါ်လာ ၃၈၀၀၀၀ နှင့် ကျပ်သိန်း ၅၀၀ တို့ပံ့ပိုးကူညီမည်ဖြစ်ပြီး အချိုရည်ဘူးများလည်း ထပ်မံပံ့ပိုးပေးမည်ဖြစ်သည်။

100 Plus သည် လူငယ်ဘောလုံးပြိုင်ပွဲကျင်းပရန်အတွက်လည်း Title Sponsor အဖြစ် ပံ့ပိုးကူညီလျက်ရှိသည်။

**ရဲရင့်ရှိုင်း**

# လူထုအခြေပြုလေ့လာမှုစခန်း တောင်သူဆွေးနွေးပွဲကျင်းပ

**နတ်တလင်း ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ရွာသာကုန်းကျေးရွာ တောင်သူပညာပေးရှေ့တန်းစခန်းတွင် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက်၉ နာရီ ၄၅ မိနစ်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသူက ဒေသနေတောင်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး ဗဟုသုတများ ရရှိကြစေရန်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမင်းလွင်က အိမ်မွေးတိရစ္ဆာန်များနှင့်ပတ်သက်၍လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုဆိုင်ရာဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်ဦးက ရေအသုံးချမှုအကြောင်းနှင့် ရေပေးဝေမှုအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# ဒေးဒရဲမြို့၌ ကြေးတိုင်ရ အင်းသားကြီးများ၏ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**ဒေးဒရဲ ဇန်နဝါရီ ၂၇**

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကြေးတိုင်ရအင်းသားကြီးများ၏ ငါးမျိုးစိုက်ထည့်ပွဲကို တိုးမြစ်၊ သံဒိတ်မြစ်နှင့် အကယ်မြစ် (ဒုံရမ်းမြစ်)များဆုံရာ ထောင်မှူးချောင်ကျေးရွာအုပ်စု အုန်းတောထိပ် မြစ်ဆုံနေရာ၌ ဇန်နဝါရီ ၂၇ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ကြေးတိုင်ရအင်းသားကြီးများ၏ ငါးမျိုးစိုက်ထည့်ပွဲတွင် တိုးမြစ်၊ သံဒိတ်မြစ်နှင့် ဒုံရမ်းမြစ်ဆုံနေရာတွင် ငါးပြေမကောင်ရေ ၃၄၀၀၀၀၊ ငါးတန်ကောင်ရေ ၂၃၃၇၅၀ နှင့် ငါးရံ့ကောင်ရေ ၁၉၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဟန်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြေးတိုင်ရအင်းသားကြီးများ၊ ကြေးတိုင်အင်းစိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အနုပညာသတင်း






# လမ်းခွဲလိုက်ပြီလို့ ဆိုလာပြန်တဲ့ ခါအီနဲ့ ဂျန်းနီ

၂၀၁၉ ခုနှစ်ရဲ့နှစ်စမှာ ပထမဆုံး ပေါ်ထွက်လာတဲ့ ကြယ်ပွင့်စုံတွဲကတော့ "EXO"ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခါအီနဲ့ ကျော်ကြားတဲ့ အမျိုးသမီးကေပေါ့ပ်တေးဂီတအဖွဲ့ "BLACK PINK"ရဲ့ဂျန်းနီတို့ဖြစ်ကြပါတယ်။ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုက စတင်ဖော်ထုတ်လာခဲ့ပြီးနောက်ပိုင်းမှာတော့ အေဂျင်စီက ဒီသတင်းတွေကို အတည်ပြုပေးခဲ့ပါတယ်။ ဒါပေမယ့် ချစ်သူသက်တမ်းအချိန်တိုအတွင်းမှာပင် သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အေဂျင်စီကနေတစ်ဆင့် ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၅ ရက်မှာ သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ခါအီနဲ့ ဂျန်းနီတို့ တစ်လမ်းစီ ဆက်လက်လျှောက်လှမ်းကြတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီလိုပြောကြားရာမှာတော့ ဘယ်အချိန်ကစလို့ လမ်းခွဲခဲ့တယ်၊ ဘာကြောင့် လမ်းခွဲခဲ့ကြတယ်ဆိုတာနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။

ဒါပေမယ့် အခြားသောသတင်းဌာနတစ်ခုမှာ ရေးသားဖော်ပြခဲ့တာကတော့ ကြယ်ပွင့်နှစ်ဦးဟာ အနာဂတ်မှာ သူတို့ရဲ့ အနုပညာလှုပ်ရှားမှုတွေအပေါ်မှာသာ အာရုံထားလိုတာကြောင့် လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်လို့ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဒစ်ဘက်ချ်က ဇန်နဝါရီ ၁ ရက်မှာ အဆိုပါ ကေပေါ့ပ်ကြယ်ပွင့်စုံတွဲကို သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံနေစဉ် ရိုက်ကူးထားတဲ့ဓာတ်ပုံတွေကိုဖော်ပြခဲ့ပြီး နှစ်ဦးသား ချစ်သူတွေဖြစ်နေကြကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီဓာတ်ပုံတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာ ဂျန်းနီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က သေသေချာချာ မသိသေးကြောင်းနဲ့ ဆက်သွယ်စုံစမ်းနေကြောင်း တုံ့ပြန်ခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုပြီးနောက် လူမှုကွန်ရက်မီဒီယာပေါ်မှာ ပိုမိုကျော်ကြားလာခဲ့ပြီး အများရဲ့အာရုံစိုက်မှုကိုလည်း ခံခဲ့ရပါတယ်။ ဒီနှစ်ရဲ့ကျော်ကြားနေတဲ့ ကြယ်ပွင့်စုံတွဲဟာ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## စံချိန်သစ် တင်လိုက်ပြန်တဲ့ SKY Castle

လတ်တလောထုတ်လွှင့်ပြသလျက်ရှိပြီး ဒေသတွင်းမှာ ကြည့်ရှုသူအများဆုံး ရုပ်ရှင်တစ်ကားဖြစ်တဲ့ "SKY Castle "ဟာ လတ်တလောမှာတော့ မှတ်တိုင်သစ်တစ်ခု စိုက်ထူခဲ့ပြီဖြစ်ပါတယ်။ သူဟာ ယခင်က ကြည့်ရှုသူအများဆုံးအဖြစ် မှတ်တမ်းတင်ထားခဲ့တဲ့ သူ့ရဲ့စံချိန်ကို ထပ်မံကျော်လွန်ကာ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခင်သီတင်းပတ်အတွင်း ထုတ်လွှင့်ပြသခဲ့ရာမှာတော့ "SKY Castle"ဟာ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ ထုတ်လွှင့်ခဲ့တဲ့ သမိုင်းတစ်လျှောက် ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်တင်ထားခဲ့တဲ့ "Goblin" ကို ကျော်ဖြတ်ကာ ဒရမ်မာဇာတ်လမ်းတွဲတွေသာမက အခြားသောရုပ်ရှင်တွေထဲမှာပါ ကြည့်ရှုသူအများဆုံးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုသီတင်းပတ်အတွင်း ထုတ်လွှင့်ခဲ့ရာမှာတော့ ယခင်စံချိန်ချိုးခဲ့တာထက် ပိုမိုကျော်လွန်ခဲ့ကာ စံချိန်သစ်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

"SKY Castle"ကိုတော့ JTBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်ခဲ့တာဖြစ်ပြီး ဒီရုပ်ရှင်ဟာ တောင်ကိုရီးယားရုပ်ရှင်လောကမှာ သမိုင်းသစ် ထူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ အပိုင်းပေါင်း ၁၉ ပိုင်း ပါဝင်တာဖြစ်ပြီး လာမယ့် ဖေဖော်ဝါရီ ၁ ရက်မှာ နောက်ဆုံးအပိုင်းကို ထုတ်လွှင့်ပြသသွားမှာလည်း ဖြစ်ပါတယ်။ မကြာမီမှာတော့ ဒီဇာတ်လမ်းတွဲကို ဗီကီပေါ်မှာ အင်္ဂလိပ်စာတန်းထိုးနဲ့ ကြည့်ရှုနိုင်တော့မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## သတင်းကြေညာချက်(၂၃-၁-၂၀၁၉)

၁။ ၂၀၁၆ ခုနှစ် မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နည်းပညာတက္ကသိုလ်နှင့် ပြင်ပအင်ဂျင်နီယာကိုယ်စားလှယ်များပါဝင်ပြီး ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြုပြင်ရန် ဆွေးနွေးညှိနှိုင်းခဲ့ရာ အခန်း (၃) အပိုဒ် (၅) အား ကောင်စီနာယကအဖွဲ့ကခေါ်ယူသော အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံမှ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်ဟု ပြင်ဆင်ရန်နှင့် အခန်း (၁၃) အပိုဒ် (၃၇) အား နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရသူတစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုနှင့် ယင်း၏တာဝန်ယူမှုတာဝန်ခံမှုမပါဘဲဖြစ်စေ လုပ်ကိုင်ခြင်းမပြုရဟု ပြင်ဆင်ရန်ညှိနှိုင်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၈) ပုဒ်မ ၂၀၊ ၂၁၊ ၂၄၊ ၂၅ တို့တွင် နည်းပညာဒီပလိုမာရရှိသူများ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည့် လမ်းကြောင်းများဖော်ပြပါရှိသော်လည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် မှတ်ပုံတင်အင်ဂျင်နီယာ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ပြင်ဆင်မှုပါရှိခဲ့ပြီး ဖော်ပြပါပြင်ဆင်မှုကြောင့် နည်းပညာဒီပလိုမာရရှိသူများ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည့် လမ်းကြောင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ယူဆမှုများဖြစ်ပေါ်ခဲ့ပါသည်။

၃။ နည်းပညာဒီပလိုမာရရှိသူများ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည့်လမ်းကြောင်းအပေါ် သက်ရောက်မှုမရှိစေဘဲ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြုပြင်နိုင်မည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကိုယ်စားလှယ်အဖွဲ့က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တာဝန်ရှိပုဂ္ဂိုလ်များအား သွားရောက်တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၄) ပုဒ်မ ၉ (စ) တွင် အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များထုတ်ပေးရန် တာဝန်ပေးအပ်ထားသည်နှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့များက ထုတ်ပေးထားသော အင်ဂျင်နီယာလိုင်စင်များအစား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များပြောင်းလဲအသုံးပြုရန် ပြည်နယ်နှင့်တိုင်းဒေသကြီးစည်ပင်သာယာအဖွဲ့များနှင့်ညှိနှိုင်းခဲ့ပြီး ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေအခန်း (၁၂) အပိုဒ် ၁၀၂၊ ၁၀၃၊ ၁၀၄ တို့တွင် ဖော်ပြပါရှိသော မှတ်ပုံတင်အင်ဂျင်နီယာနှင့်မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာတို့၏ လုပ်ပိုင်ခွင့်များကို အချိန်ကာလနှင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးလိုအပ်ချက်များအရ ကာလစည်းကမ်းကန့်သတ်ချက်ဖြင့် တိုးချဲ့လုပ်ဆောင်ခွင့်ပြုရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက တာဝန်ခံဝန်ကြီးဌာနနှင့် ညှိနှိုင်းအတည်ပြုပြီးဖြစ်ပြီး သီးသန့်ကြေညာချက်ထုတ်ပြန်အသိပေးခွင့်ပြုသွားရန်ရှိပါသည်။

၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၉) အပိုဒ် ၃၀ တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာကမှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်လျှောက်ထားလာလျှင် စည်းကမ်းချက်များသတ်မှတ်ပြီး မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်ဟု ဖော်ပြပါရှိသည်နှင့်အညီ နိုင်ငံခြားသားအင်ဂျင်နီယာများလာရောက်လျှောက်ထားရန် အမိန့်ကြော်ငြာစာ (၁/၂၀၁၇) ကို ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသားအင်ဂျင်နီယာများသည် အာဆီယံအပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာစီမံချက်များနှင့် အခြားနှစ်နိုင်ငံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာစီမံချက်များအရ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို တာဝန်ယူတာဝန်ခံလုပ်ဆောင်ပိုင်ခွင့်မရှိဘဲ ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရသူ မြန်မာနိုင်ငံသားတစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုနှင့် ယင်း၏တာဝန်ယူမှုတာဝန်ခံမှုဖြင့်သာ လုပ်ကိုင်ခွင့်ရှိကြောင်းအသိပေးကြေညာအပ်ပါသည်။


မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

iGREEN
PRESS PILEရိုက်သည်
09- 428 015 692

iGREEN
PAEဖြင့် ဆောက်လုပ်ပေးမည်

ဂျပန်စာအခြေခံလုံးဝမရှိသူများနှင့် အခြေခံရှိပြီးသူများအတွက်
အစိုးရတရားဝင် ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်မည့် အထူးသင်တန်း
O Y A
ဂျပန်စာ (4 Skills) စွမ်းရည်မြှင့်သင်တန်း
1. လှည်းတန်း (စံရိပ်မြိမ်) 09 771 224 918
2. ချည်ခင်းကုန်းလမ်းဆုံ 09 541 4457

တွန်းတရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(မြောင်)အင်းလေး(၁)လမ်းစုန်(၂)တောင်အုံး

JAMES COOK UNIVERSITY SINGAPORE
၁၀၀% စကောလားရှစ်ပညာသင်ဆုနှင့် ၂၀၁၉ ကျောင်းဝင်ခွင့်ဆိုင်ရာ
ဂျေစီယူစင်ကာပူ ပညာရေးဆွေးနွေးမှု
STUDY @JCUS Info-DAY
Date : 30.1.2019 ( Wednesday )
Time : 10:30 am - 4:30 pm
Venue : AT&S Office @ Bldg 5, Room 4, MICT Park, Yangon
eduGlobalVillage
ရာနှုန်းပြည့် စကောလားရှစ်ဆု လျှောက်ထားရရှိနိုင်ရန် ပညာအရည်အချင်း လိုအပ်ချက်များအကြောင်း .....
စင်ကာပူနှင့် ဩစတြေးလျ နှစ်နိုင်ငံပေါင်းကူးတက်ရောက်နိုင်မည့် ဘွဲ့ဒီဂရီ သင်ကြားမှု အစီအစဉ်များအကြောင်း .....
၂၀၁၉ ကျောင်းဝင်ခွင့်၊ အဆောင်နေထိုင်မှုနှင့် ဘာသာရပ်ကင်းလွတ်ခွင့်များ ဆိုင်ရာအသေးစိတ်အချက်အလက်များအကြောင်း .....

AT&S International Education Services
'ကျောင်းသားတစ်ဦးချင်းဆီကို ဂျေစီယူစင်ကာပူကျောင်းမှ အသေးစိတ် ဆွေးနွေးပေးမည်'
ဆွေးနွေးပွဲလာရောက်သူများ ကျောင်းလျှောက်ထားပါက
Application Fees ကင်းလွတ်ခွင့် နှင့် One-Way လေယာဉ်လက်မှတ် ချီးမြှင့်ပေးမည်။
ရုံးချုပ် - အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။ 01 652320, 09 799595949, 09 5062161

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

0717YRO6093
အာဇီကာ
လက်ဖဝါးကွဲ
ခြေဖဝါးကွဲ
ခြေဖနောင့်ကွဲ
အသားမာတက်နှင့်
ငါးမျက်စိဖြစ်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
Ph: 01 - 379385

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဒါဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်၌ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအား ဆွေးနွေးပြောကြား


ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပသည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး စတုတ္ထစက်မှုတော်လှန်ရေး Globalization 4.0 သို့ ပြောင်းလဲနေချိန်၌ မြန်မာနိုင်ငံမှ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့် အစိုးရအကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီးများအား တွေ့ဆုံအသိပေးပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတကာလုပ်နည်းလုပ်ဟန်များ၊ best practices များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားနှင့် ၂၃ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော် တတိယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ


"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်တွင် တိုင်းရင်းသားပေါင်းစုံက မနောအကဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"ပွဲတော် တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ကျိုက္ကဆံအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပွဲတော်သို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ကချင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးခက်ထိန်နန်က "သွေးချင်းတို့ရဲ့ပွဲတော်ကို မြန်မာနိုင်ငံသမိုင်းမှာ ပထမဦးဆုံး ကျင်းပတာဖြစ်တဲ့အတွက် အခက်အခဲတွေရှိပေမယ့် ပြည်ထောင်စုအစိုးရ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့ကပါ ကူညီဆောင်ရွက်ပေးတဲ့အတွက် အောင်မြင်တဲ့ပွဲဖြစ်ပါတယ်။ နိုင်ငံတော်ကို တိုင်းရင်းသားတွေ အထောက်အကူပြုနိုင်ဖို့ဆိုရင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ASIA ROYAL HOSPITAL
အာရှတော်ဝင်ဆေးရုံ
"Healthy Hygienic Hospital with Humanity"
အမှတ် (၁၄)ဗဟိုလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
Ph: (+951) 2304999, (+951) 538055, Fax: (+951) 537296,
asiaroyal@asiaroyalhospital.com, www.asiaroyalhospital.com

အာရှတော်ဝင်ဆေးရုံကြီးသည် မြန်မာပြည်သူများအကြားအသုံးပြုမှုများပြားသော
**Viber Application** ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများအားထပ်မံတိုးချဲ့ထားပါသည်။

(၁) အာရှတော်ဝင်ဆေးရုံကြီးနှင့်ပတ်သက်သောသတင်းအချက်အလက်များ၊ ကျန်းမာရေးအသိပညာပေးဗဟုသုတများကိုဝေမျှပေးနိုင်ရန် Viber Community Group အားလည်း ဖွင့်လှစ်ထားပြီး Asia Royal Hospital Facebook မှတဆင့်ဝင်ရောက်ပါဝင်နိုင်ခြင်း။

(၂) အလုပ်လျှောက်လွှာ (CV Form) များပေးပို့နိုင်ခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများကိုအကြံပေးနိုင်ခြင်း။
ဆက်သွယ်ရန် Viber ဖုန်းနံပါတ် - 09-443993339

Like us on Facebook Page

DECOLAND COMPANY LIMITED
DECO
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Duplex
Grey Chip Board
Ivory Board

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 013 684292